ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ တနင်္လာနေ့၊ (10-3-2008) (၅၆၁၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီနှင့်အဖွဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်အဖွဲ့အား ရန်ကုန်မြို့ရှိ နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ် ဧည့်ရိပ်သာ၌ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်တို့ တွေ့ဆုံ

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီနှင့် အဖွဲ့သည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ လာရောက်တွေ့ဆုံသည်။

ရင်းနှီးစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်၏စီးပွားရေး၊ ကျန်းမာရေးကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၏ မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း ရင်းနှီးစွာဆွေးနွေးခဲ့ကြပြီး မစ္စတာဂမ်ဘာရီနှင့်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ဧည့်ရိပ်သာမှ ပြန်လည်ထွက်ခွာသွားသည်။

ညပိုင်းတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက မစ္စတာဂမ်ဘာရီနှင့်အဖွဲ့အား မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ထူးခြားသည့်နေ့အပူချိန်များ

၉-၃-၂၀၀၈

ချောက်
(၃၉)ဒီဂရီစင်တီဂရိတ်
(၁၀၂ဒီဂရီဖာရင်ဟိုက်)

နေပြည်တော်၊ မင်းဘူး၊ သာယာဝတီ၊ မှော်ဘီ၊ ရန်ကုန်(ကမ္ဘာအေး)
(၃၈)ဒီဂရီစင်တီဂရိတ်စီ
(၁၀၀ဒီဂရီဖာရင်ဟိုက်စီ)

မိမိတို့၏အနာဂတ် မပျောက်ပျက်အောင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုသင့်ကြပြီ

“အခြေအနေကောင်း၊ အချိန်အခါကောင်းတွင် ဘေးပယောဂများကို ယုံစား၍လည်းကောင်း၊ မိမိကိုယ်တိုင် ပညာ၊ ဗဟုသုတ မပြည့်ဝ အားနည်း၍လည်းကောင်း အခွင့်အရေးကို လက်လွှတ်ခံလိုက်ပါက နောက်တစ်ကြိမ် အလားတူ အခွင့်အရေးမျိုး ထပ်မံရရှိရန် နှစ်ပရိစ္ဆေဒ မည်မျှကြာအောင် စောင့်ဆိုင်းရမည်ကို မသိနိုင်၊ မတွေးနိုင်၊ မမှန်းဆရနိုင်။ မိမိတို့၏ အနာဂတ် မပျောက်ပျက်အောင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုသင့်ကြပြီ”

ခိုင်မျိုးညီလာအောင် ၏ **“ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့ (၁)”** (ဆောင်းပါး) စာမျက်နှာ-၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၀–၃–၂၀၀၈
(တနင်္လာနေ့)

မြို့ပြနှင့်ကျေးလက် စည်ပင်သာယာရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို စီမံကိန်းချမှတ်ဖော်ဆောင်လျက်ရှိရာ နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလည်းပါဝင်သည်။ နိုင်ငံလူဦးရေအများစုမှာ ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဖြည့်ဆည်းပေးခြင်းဖြင့် မြို့ပြနှင့်ကျေးလက်ဒေသများ ဆက်စပ်ဖွံ့ဖြိုးလာလျက်ရှိသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး လမ်းသစ်၊ တံတားသစ်များ တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးနေသည်။ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး ဖြည့်ဆည်းပေးလျက်ရှိသည်။ ကျေးလက်ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး တိုးတက်မြင့်မားရေး အစီအမံများကို ချမှတ်ဖော်ဆောင်ပေးနေသည်ကို တွေ့ရသည်။

စည်ပင်သာယာရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ကြိုးပမ်းမှုဖြင့် ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် မြို့ပြလမ်း မိုင်နှစ်ရာကျော်နှင့် ကျေးလက်လမ်း မိုင်နှစ်ထောင်ကျော်ကို အဆင့်မြှင့်တင် ဖောက်လုပ်ပေးနိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်က မြို့ပြနှင့် ကျေးလက်လမ်း မိုင်ငါးထောင်ကျော်ရှိခဲ့ရာမှ ယခုအခါ မိုင်သုံးသောင်းကျော်အထိ ရှိလာပြီဖြစ်ရာ ကျေးလက်နှင့်မြို့ပြ ဆက်သွယ်သွားလာမှု ပိုမိုလွယ်ကူအဆင်ပြေလျက်ရှိသည်။

အလားတူ မြို့ပြနှင့်ကျေးလက် ရေပေးဝေရေးအတွက် လုပ်ငန်းပေါင်းတစ်ထောင်ကျော်ကိုလည်း ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အပူပိုင်းဒေသရှိ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို ၂၀၀၀–၂၀၀၁ ခုနှစ်မှ စတင်ဖော်ဆောင်ပေးလာခဲ့ရာ ယခုအခါ လုပ်ငန်းပေါင်း တစ်သောင်းကျော်အထိ ရှိနေပြီဖြစ်၍ ကျေးလက်ဒေသပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိနေပြီဖြစ်သည်။

ယနေ့အချိန်အခါတွင် ခရိုင်ချင်းဆက်လမ်းများ၊ မြို့ပြနှင့်ကျေးလက်ဆက်သွယ်သည့်လမ်းများ တိုးတက်ဖြစ်ပေါ်လာလျက်ရှိရာ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ဖြစ်ထွန်းနေသည်။ နိုင်ငံတော်နှင့်အတူ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် စေတနာရှင် အလှူရှင်များ၏ ငွေအား၊ လူအား၊ စေတနာအားဖြင့် လက်တွဲကြိုးပမ်းမှုစွမ်းအားတို့ကြောင့် မြို့ပြနှင့် ကျေးလက်ဒေသတစ်ခွင် ပိုမိုဖွံ့ဖြိုးစည်ပင်လာမည် ဖြစ်ပါသည်။ ။

ခင်ပွန်း ဒေါက်တာ ဦးခင်ဝင်း(၁၁)နှစ်ပြည့်နှင့် သား ကိုကျော်မြင့်ဝင်း တစ်နှစ်ပြည့်တို့အား ရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ် ၁၀ ရပ်ကွက် ဦးကွန်းဇော်ရိပ်သာနေ ဒေါ်ကြည်ကြည်မြင့် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ် ၃၁၀၀၀၀ ကို အနုနာယကဆရာ တော်ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ) ဥက္ကဋ္ဌ ရွှေစင်ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အထက(၄)လှိုင် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၉

အထက(၄)လှိုင် [ယခင်အလက (၂) လှိုင်]ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၇၈–၁၉၉၅)၏ အာစရိယပူဇော်ပွဲကို မေ ၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် မနွယ်နွယ်မင်း ဖုန်း–၀၉–၅၁၁၆၃၀၃၊ မစံပယ် ဖုန်း–၀၁–၆၅၁၉၇၉၊ မဆွေဆွေဝင်း ဖုန်း–၀၁–၅၁၃၇၇၈၊ ကိုရှုဦး ဖုန်း–၀၉ ၅၀၀၉၇၇၆၊ ကိုမိုးအောင် ဖုန်း–၀၉–၈၀၃၀၇၄၀နှင့် ကိုကိုနိုင် ဖုန်း–၀၉–၅၁၅၈၁၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ဒီပလိုမာအပ်နှင်းခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၉

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ဆဋ္ဌမအကြိမ် ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်းခြင်း အခမ်းအနားကို မတ် ၇ ရက် နံနက် ၉ နာရီတွင် အဆိုပါ စစ်ကိုင်းမြို့ရှိ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်တို့က ဘွဲ့လက်မှတ်များ ချီးမြှင့်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက ဆရာအတတ်ပညာ ဒီပလိုမာရရှိသူများအား ဒီပလိုမာအပ်နှင်းသည်။

ထို့နောက်တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (၁၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ဆဋ္ဌမအကြိမ် ဆရာအတတ်ပညာ ဒီပလိုမာ အပ်နှင်းခြင်း အခမ်းအနားတွင် ဘွဲ့လက်မှတ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒဿနိကဗေဒ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၉

ဒဿနိကဗေဒဌာန၌ ငါးနှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၅) နှစ်ပြည့်ပြီးသည့် ဆရာ၊ ဆရာမကြီးများအား စတုတ္ထအကြိမ် ပူဇော်ကန်တော့ပွဲကို မတ် ၁၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဦးမြင့်ဦး (၁၉၆၆) ဖုန်း– ၃၈၅၈၂၉၊ ဦးမြင့်ကြည်(၁၉၆၇) ဖုန်း–၂၅၃၁၉၈၊ ဦးသန်းအောင်(၁၉၆၈) ဖုန်း– ၇၂၃၇၂၄၊ ဦးခင်မောင်ချို(၁၉၆၉) ဖုန်း–၅၀၂၄၃၂၊ ဦးကြည်ဝင်း(၁၉၇၀) ဖုန်း–၅၀၄၉၆၂၊ ဦးဝဏ္ဏ(၁၉၇၀) ဖုန်း–၅၇၉၂၄၄၊ ဦးကျော်မြင့်(၁၉၇၁) ဖုန်း–၃၈၄၇၅၀၊ ဦးမြင့်ဆွေ(၁၉၇၈) ဖုန်း–၀၉၅၁၁၁၄၁၀၊ ဦးအုန်းစိန်(၁၉၇၉) ဖုန်း–၀၉၅၃၀၁၇၉၅နှင့် ဒေါ်ခင်သန်းညွန့်(၁၉၈၇) ဖုန်း–၀၉၅၀၄၆၈၂၁ တို့သို့ ဆက်သွယ်ကြရန်ဖြစ်သည်။ (က–ပ)

မင်္ဂလာတောင်ညွန့် မြို့နယ် အမှတ်(၂၀)အခြေခံပညာ မူလတန်းလွန်ကျောင်း ၂၀၀၇–၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ခြောက်နှစ်ဆက်တိုက် ပညာရည်ချွန် ပထမဆုရ ပဉ္စမတန်းမှ မောင်ဟိန်းထက်ဇင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းငြိမ်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

လှိုင်သာယာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးနှင့် တတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အလှူရှင် ဦးသိန်းဇော်(သိန်းဇော်–ပန်းလှိုင်)က ငွေကျပ်သုံးသိန်း လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုတွဲဖက်အတွင်းရေးမှူး ဦးသန်းလှိုင်(တက္ကသိုလ်သခ်) လက်ခံယူစဉ်။ (က–ပ)

အာဆီယံရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၉

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာ့အသံ ရေဒီယိုအစီအစဉ်က ထုတ်လွှင့်ခဲ့သော အာဆီယံအကြောင်း သိကောင်းစရာများအတွက် အာဆီယံရေဒီယို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို မတ် ၇ရက် နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ ဝါသနာရှင်များ ဝင်ရောက်ဖြေဆိုကြသည်။

ပထမဆုကို ရန်ကုန်တိုင်း တွံတေးမြို့နယ် ခတ္တိယကျေးရွာမှ မောင်ဖြိုးသူရအောင်၊ ဒုတိယဆုကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်မှ မောင်ကောင်းထက်ကျော်၊ တတိယဆုကို မန္တလေးတိုင်း မိုးကုတ်မြို့မှ မောင်ထက်ဖြိုးမောင်နှင့် နှစ်သိမ့်ဆုကို မန္တလေးတိုင်း မိတ္ထီလာမြို့မှ မောင်သန့်ဇင်တို့က အသီးသီး ရရှိကြပြီး ဆုများကို တာဝန်ရှိသူက ပေးအပ်သည်။

လစဉ်ပထမပတ်တိုင်းတွင် ကျင်းပသော အာဆီယံရေဒီယို ဉာဏ်စမ်းပဟေဠိအစီအစဉ်ကို ဝင်ရောက်ဖြေဆိုလိုကြသူ ပြည်နယ်၊ တိုင်းအသီးသီးမှ ဝါဒနာရှင်များ အသက်အရွယ်၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိဘဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်း ဖြေဆိုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်ရေတွင်းနှင့် သောက်သုံးရေလှောင်ကန်များ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)များ ဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ပံ့ပိုးစီစဉ်မှုဖြင့် မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ပြီးစီးသော မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက်တွင် စက်ရေတွင်းနှင့် သောက်သုံးရေလှောင်ကန်များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ ခရိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အသင်းသားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဗဟိုအလုပ်အမှုဆောင်မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တိုင်းအတွင်းရေးမှူးတို့က မင်္ဂလာဖဲကြိုးဖြတ်၍ စက်ရေတွင်းနှင့် သောက်သုံးရေလှောင်ကန်များကို ဖွင့်လှစ်ပေးပြီး စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပသည်။ အမှတ်(၅)ရပ်ကွက်တွင် အိမ်ခြေ ၈၉၀၊ အိမ်ထောင်စု ၁၀၈၇၊ လူဦးရေ ၄၀၀၀ ခန့်နေထိုင်ကြသည်။

ယခုဖွင့်လှစ်သည့် စက်ရေတွင်းသည် အချင်းလေးလက်မရှိပြီး တစ်နာရီ ရေဂါလန် ၁၀၀၀ထွက်ရှိသည်။ ၂၄နာရီ ရေရရှိနိုင်ရန် လျှပ်စစ်အပြင် ဒီဇယ် ရေတင်စက်နှစ်မျိုးလုံးသုံးနိုင်ရန် ဆောင်ရွက်ထားသည်။ စက်ရေတွင်းမှ ထွက်ရှိလာသောရေများကို ဂါလန် ၅၀၀၀ဆံ့ အုတ်ရေကန်တစ်လုံး၊ ဂါလန် ၅၀၀ဆံ့ အုတ်ရေကန်သုံးလုံးတို့ဖြင့် ရေများ သိုလှောင်နိုင်ကြောင်း သိရသည်။ (၁၉)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)များ ဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တိုင်းအတွင်းရေးမှူး ဦးအေးမြင့်တို့ စက်ရေတွင်းနှင့် သောက်သုံးရေလှောင်ကန်များ ဖွင့်လှစ်ပေးစဉ်။ (၁၉)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊
မဖွဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၃-၂၀၀၈(တနင်္လာနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"သေမင်းမမြင်သုညရွာ"တရားတော် (ရွှေနံ့သာအရှင်ဉာဏောဘာသ)
၈း၀၀-၂း၀၀	Soccer Update
၈း၁၅-၂း၁၅	ပွင့်သောပန်းများလန်းစေချင်သည်
၈း၃၀-၂း၃၀	စိတ္တာနုပဿနာ(အပိုင်း-၁) (ဆရာကြီးဦးဌေးအောင်)
၈း၅၅-၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀-၃း၀၀	သွင်းကုန်အစားထိုးစာရေးကိရိယာပစ္စည်းတစ်မျိုး
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	MRTV-4 စာအုပ်စင်ကဏ္ဍ (ပါမောက္ခမင်းခတု)
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့်ရတနာဈေး
၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅-၄း၂၅	အောင်မြင်ရှင်သန်နေသော ရော်ဘာစိုက်ခင်းရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ
၁၀း၃၅-၄း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	MRTV-4 ကျန်းမာရေးကဏ္ဍ (နှလုံးသွေးကြောကျဉ်းရောဂါအကြောင်းသိကောင်းစရာ) (ပါမောက္ခဒေါက်တာခင်မေစန်းနှင့်တွေ့ဆုံခြင်း)
၁၁း၃၅-၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀-၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅-၅း၄၅	စဥ့်ကူးမြို့မှအလင်းအိမ်
၁၂း၀၅-၆း၀၅	**ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ် (လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ်) (ဒါရိုက်တာ-စိုးကျော်ဆန်း)**
၁၂း၃၀-၆း၃၀	ပညာရနံ့မွှေးပျံ့သင်းထုံစာပန်းရုံ
၁၂း၄၅-၆း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀-၆း၅၀	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

➪ ကျောဖုံးမှ

အဆိုပါစက်ခေါင်းများသည် အိန္ဒိယရထားလုပ်ငန်းတွင် စိတ်ချစွာအသုံးပြုနေသည့် YDM-4 အမျိုးအစားဖြစ်ပြီး အဓိကအင်ဂျင်အဖြစ် မြင်းကောင်ရေ ၁၃၅၀ အား ALCO အင်ဂျင်တစ်လုံး တပ်ဆင်ထားသည်။

အဆိုပါ စက်ခေါင်းများ၏ ထူးခြားချက်မှာ Medium Speed Engine တပ်ဆင်ထားခြင်းဖြစ်၍ သက်တမ်းနှစ် ၃၀ ရှိကြောင်း သိရသည်။ ထို့အပြင် စက်ခေါင်းများ၌ Fuel efficient Kit များ တပ်ဆင်ထားသည့်အတွက် စက်မောင်းဆီသုံးစွဲမှုသက်သာပြီး အမြန်ဆုံး မိုင်နှုန်းအဖြစ် တစ်နာရီလျှင် မိုင် ၆၀ ဖြင့် မောင်းနှင်နိုင်သည်။ ဘရိတ်စနစ် အနေဖြင့် လေဖိအားဘရိတ်အပြင် လျှပ်စစ်ဘရိတ်ပါ တပ်ဆင်ထားသည့်အတွက် တောင်ပေါ်လမ်းပိုင်းမှာပါ အသုံးပြုနိုင်သည်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၁၁)ဖြန့်ချိ

ရန်ကုန် မတ် ၉

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၁၁) တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ "အုတ်ချပ်နှင့်တူသောလူ၊ အမှိုက်နှင့်တူသောလူ" အယ်ဒီတာ့ဒိုင်ယာရီနှင့် အတူ စိမ်းလဲ့ကန်သာလမ်း ငါးလောင်းပြိုင် လူသတ်မှုဖြစ်ကျပ်သိန်းနှစ်ထောင်ကျော်ဖိုးခန့် ရတနာပစ္စည်းများနှင့် ငွေကျပ်သိန်းတစ်ရာကျော် ပျောက်ဆုံး၊ ဆုံးရှုံးမှုမြင့်မားခဲ့သော မီးလောင်မှုများနှင့် ရတနာပုံဈေးမီးလောင်မှုသည် လျှပ်စစ်ဗို့အားမြင့် ကိရိယာကို စနစ်တကျသုံးစွဲမှုမရှိ၍ ဖြစ်၊ မိကျောင်းသားရေထည်ပစ္စည်းများကို ပြည်တွင်းတွင် စမ်းသပ်ထုတ်လုပ်မည်၊ မဟာသင်္ကြန်ပွဲတော်ကာလ မီးသတ်ငုတ်များမှ ရေထုတ်ယူသုံးစွဲပါက ပြင်းထန်စွာအရေးယူမည်၊ ရန်ကုန်ကြက်၊ ဘဲဈေးကို လက်ရှိနေရာမှ နေရာသစ်နှစ်ခုသို့ ပြောင်းရွှေ့ဖွင့်လှစ်မည်၊ ခရီးရှည်ထွက်မည့်သူများ၏ အိမ်မွေးခွေးများစောင့်ရှောက်ပေးမည်၊ WCDMA သရီးဂျီမိုဘိုင်းလ်ဖုန်း မတ်လကုန်တွင် ချပေးနိုင်ရန်ဆောင်ရွက်မည်၊ ယုံကြည်မှုကို အခွင့်ကောင်းယူ၍ လိမ်လည်မှု ပဲအိတ်စပို့လုပ်ငန်းများတွင် အများဆုံးဖြစ်စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ အလုပ်နှင့်ပညာရေးလမ်းညွှန် "ကွန်ပျူတာ သရီးဒီပညာဖြင့် သက်မွေးလိုလျှင်...နှင့် ဖယောင်းတိုင်လိုလူသား၊ မြင်သောမျက်စိနှင့် ကြားသောနား သူများထက်ဦးရမည် ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ငြိမ်းချမ်းရေးထိန်းသိမ်းရင်းနဲ့ တောင်နဲ့မြောက် ပူးတွဲကြွယ်ဝစေသင့်တယ်၊ တောင်ကိုရီးယားသမ္မတ အီမြောင်ဘက်နှင့်တွေ့ဆုံခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ ထိုင်းနိုင်ငံရေးတွင် မုန်တိုင်းထန်လာဦးမည့် လက္ခဏာများတွေ့နေရ၍ ဝန်ကြီးချုပ်သစ်အနေဖြင့် ပါးနပ်ရန်လို၊ နိုးကြားတက်ကြွသော ဖခင်ရှိခြင်းက ကလေးငယ်များအတွက် ဉာဏပိုင်းဆိုင်ရာ အခက်အခဲ ပြဿနာများလျော့နည်းစေနိုင်၊ ဘောလုံးပွဲကြည့်ရန် အင်္ဂလန်သို့သွားခွင့် ထိုင်းတရားရုံးထံ သက်ဆင်တောင်း၊ နယူးယောက်၌ ချွတ်စွပ်တူသုံးမြွာပူးမွေး၊ ၉/၁၁တိုက်ခိုက်ခံရမှုသည် လုပ်ကြံဖန်တီးမှုတစ်ခုသာဖြစ်သည်ဟု အော်စကာဆုရ ပြင်သစ်မင်းသမီးပြော၊ ကမ္ဘာ့ပထမဆုံး သစ်သားကားပေါ်ထွက်လာပြီ စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

နယ်လှည့်စာကြည့်တိုက် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းဖွင့်

ရန်ကုန် မတ် ၉

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဗိုလ်တထောင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ဟောပြောပွဲနှင့် စာဖတ်ဝိုင်းဖွင့်ပွဲကို မတ် ၉ ရက် နံနက် ၉ နာရီတွင် အမှတ်(၉)ရပ်ကွက် စာပေချစ်သူ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပသည်။ အခမ်းအနားတွင် စာပေချစ်သူ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်၊ ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမော်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးတာဝန်ခံ ဒေါ်ဖြူဖြူညွှန့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)** ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးအရာရှိ ဦးစိုးညွန့်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပြောကြားသည်။

စာပေချစ်သူ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ဗိုလ်တထောင်မြို့နယ် ပြန်ဆက်ဦးစီးမှူး ဒေါ်သန်းနွဲ့က စာအုပ်စာစောင်များ လှူဒါန်းရာ အမှတ်(၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်က လက်ခံရယူသည်။ (ကြေးမုံ)

ဆေးကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မတ် ၉

(၅၅)ကြိမ်မြောက် ဆရာဝန်ညီလာခံကျင်းပရေးအတွက် ဆေးနှင့်ဆေးပစ္စည်း ကိုယ်စားလှယ်များအား မတ် ၁၃ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(ဘီ)၌တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံးတက်ရောက်ကြရန်ဆရာဝန် ညီလာခံ ဖြစ်မြောက်ရေးကော်မတီက ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တက္ကသိုလ်(ဘူမိဗေဒ)ကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၉

ရန်ကုန်တက္ကသိုလ် ၁၉၈၄-၈၅ ဘူမိဗေဒကျောင်းသား၊ ကျောင်းသူများ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို မတ် ၂၁ ရက် (သောကြာနေ့) ညနေ ၅ နာရီတွင် Hotel Nikko ၌ ကျင်းပမည် ဖြစ်ပါသဖြင့် ၁၉၈၄-၈၅ ကျောင်းသား၊ ကျောင်းသူများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် သန့်ရှင်းသာယာလှပစေရေးအတွက် မော်တော်ယာဉ်များပေါ်မှ အမှိုက်ပစ်ချခြင်း၊ ကွမ်းတံတွေးထွေးခြင်းများ မပြုလုပ်ကြရန် သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

မလေးရှားနိုင်ငံမြောက်ပိုင်း ကူလာတီရန်ဂနူးဒေသတွင် ကန့်ကွက်ဆန္ဒပြနေသည့် ပီအေအက်စ်ပါတီကို ထောက်ခံသူများအား အဓိကရုဏ်း နှိမ်နင်းရေးရဲတပ်ဖွဲ့များက မျက်ရည်ယိုဗုံးဖြင့် ပစ်ခတ်၍ လူစုခွဲနေသည်ကို မတ် ၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မလေးရှား အထွေထွေရွေးကောက်ပွဲ ကျင်းပ ဘီအင်ပါတီ အနိုင်ရ

ကွာလာလမ်ပူ မတ် ၉

မလေးရှားနိုင်ငံတွင် ဒွါဒသမ အကြိမ် အထွေထွေရွေးကောက်ပွဲကို ကျင်းပရာ အာဏာရ ညွန့်ပေါင်းပါတီဖြစ်သော ဘာရီဆန်နယ်ရှင်နယ် (ဘီအင်) သို့မဟုတ် အမျိုးသားတပ်ဦး ပါတီသည် အနိုင်ရရှိသွားကြောင်း မတ် ၉ရက်တွင် ထွက်ပေါ်လာသော ကနဦး ရလဒ်များအရ သိရသည်။

မလေးရှားအောက်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာပေါင်း ၂၂၂ နေရာ ရှိသည့်အနက် ဘီအင်ပါတီသည် ကိုယ်စားလှယ်နေရာ ၁၂၇နေရာ ရရှိသဖြင့် ထက်ဝက်ကျော်နေရာကို ရရှိထားပြီဖြစ်ကြောင်း တနင်္ဂနွေနေ့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ရာဟစ်က ကြေညာသည်။ ကျန်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သော ပါတီများအနေဖြင့် ကိုယ်စားလှယ်နေရာ မည်မျှရရှိသည်ဟူသော စာရင်းကို ၎င်းက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များဖြစ်သော ဂျဟိုး၊ မာလက္ကာ၊ ပါလိစ်၊ တီရန်ဂါနူ၊ ပါဟန်နှင့် ဆင်ဘာလီနယ်များ၌လည်း ဘီအင်ပါတီကပင် အနိုင်ရရှိကြောင်း ရွေးကောက်ပွဲကော်မတီက ကြေညာသည်။

ဘီအင်ပါတီ၏ မိတ်ဖက်ပါတီများမှာ မလေးရှား-အိန္ဒိယအမျိုးသား ကွန်ဂရက်ပါတီနှင့် ပြည်သူ့လှုပ်ရှားမှု ပါတီတို့ဖြစ်သည်။ ထိုနှစ်ပါတီမှ ခေါင်းဆောင်များသည် ရွေးကောက်ပွဲ၌ ရှုံးနိမ့်သွားသဖြင့် အောက်လွှတ်တော်ရှိ ကိုယ်စားလှယ်နေရာများကို လက်လွှတ်လိုက်ရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အစ္စရေးစစ်တပ် အမြင့်ဆုံးအဆင့် တပ်လှန့်ထား

ဂျေရုဆလင် မတ် ၈

ဂျေရုဆလင်ရှိ ကာရတ်မိုရှိရပ်ကွက်သို့ ကြာသပတေးနေ့ညက ဝင်ရောက်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် အစ္စရေးနိုင်ငံတစ်ဝန်းရှိလုံခြုံရေးတပ်ဖွဲ့များကို သောကြာနေ့က အမြင့်ဆုံးအဆင့် တပ်လှန့်ထားသည်။ ထိုပစ်ခတ်မှုကြောင့် ရှစ်ဦးသေဆုံးခဲ့သည်။

အစ္စရေး ကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်က ကာကွယ်ရေးတပ်ဖွဲ့ (အိုင်ဒီအက်ဖ်) များအား အနောက်ဘက်ကမ်းကို ပိတ်ဆို့ထားရန် အမိန့်ပေးလိုက်ကြောင်း အိုင်ဒီအက်ဖ်ပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာ သတင်းဌာနသို့ ပြောကြားသည်။ ထိုပိတ်ဆို့မှုကို ရက်အတန်ကြာအတွင်း လုံခြုံရေးအခြေအနေ ပြန်လည်သုံးသပ်ခြင်းမပြုမီအထိ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

တစ်ချိန်တည်းမှာပင် ထောင်ပေါင်းများစွာသော ရဲအရာရှိများကို ဂျေရုဆလင်မြို့သို့ ရွှေ့ပြောင်းတာဝန် ချထားပြီး ဘာသာရေးနယ်မြေ၌လည်း လုံခြုံရေးများ တင်းကျပ်ထားလိုက်သည်။ ဂျေရုဆလင် မြို့တော်ဟောင်းတွင် ဂျူးလူမျိုးများနှင့် မွတ်စလင်တို့ ရန်းရင်းဆန်ခတ် ဖြစ်ပွားမည်ကို ရဲအရာ ရှိများက ပူပန်နေကြသည်။

တရားဝင်အပြာရောင်အသိအမှတ်ပြုကတ်ပြားကိုင်ဆောင်ထားသူ အသက် ၄၅ နှစ်ကျော် ပါလက်စတိုင်း အမျိုးသားများကိုသာ ဘုရားကျောင်းအတွင်းသို့ ဝင်ခွင့်ပြုမည်ဖြစ်ပြီး၊အမျိုးသမီးဝတ်ပြုသူများကိုမူ ကန့်သတ်မထားကြောင်း အစ္စရေးစစ်ဘက် ရေဒီယိုက ကြေညာသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

လက်ဘနွန်သမ္မတ ရွေးကောက်ပွဲရက် ထပ်မံရွှေ့ဆိုင်းဖွယ်ရှိ

ဘေရွတ် မတ် ၉

မတ် ၁၁ ရက်တွင် ကျင်းပရန် သတ်မှတ်ထားသော လက်ဘနွန်သမ္မတ ရွေးချယ်ရေး အစီအစဉ်သည် ဖြစ်နိုင်ဖွယ်မရှိကြောင်း၊ ဧပြီလအထိ (၁၆) ကြိမ်မြောက် ရွှေ့ဆိုင်းလိမ့်မည်ဖြစ်ကြောင်း ပြည်တွင်းသတင်းစာ အက်စ်ဆာဖာက သောကြာနေ့တွင် ဖော်ပြသည်။ လက်ဘနွန်ဝန်ကြီးချုပ် ဖေရွတ်စီနီဂိုရာက လက်ရှိအခြေအနေအရ သောကြာနေ့တွင် သမ္မတရွေးချယ်ရေးအစီအစဉ် ကျင်းပနိုင်ဖွယ်မရှိကြောင်း အက်စ်ဆာဖာသတင်းစာသို့ ပြောကြားသည်။

ပြင်ဆင်

လက်ဘနွန်ပါလီမန်ဥက္ကဋ္ဌ နာဘစ်ဘာရီက သမ္မတရွေးချယ်ရေးကို မတ် ၁၁ ရက်တွင် ကျင်းပမည်ဟု (၁၅) ကြိမ်မြောက် ရက်ရွှေ့ဆိုင်းကြောင်း ကြေညာစဉ်က မတ် ၂၉ ရက်မှ ၃၀ ရက်အထိ ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တွင် ကျင်းပမည့် အာရပ်ညီလာခံ မတိုင်မီ သမ္မတ ရွေးချယ်ရေးပွဲကို ကျင်းပလိုကြောင်း ပြောကြားခဲ့သည်။

သတ်မှတ်

အာရပ်နိုင်ငံများ အထူးသဖြင့် ဆော်ဒီအာရေးဗီးယားနှင့် အီဂျစ်နိုင်ငံတို့သည် လာမည့်ဒမတ်စကတ်ညီလာခံသို့ တက်ရောက်ရန် ကြိုတင်စည်းကမ်းချက်တစ်ရပ်အဖြစ် မတ် ၁၁ ရက်တွင် လက်ဘနွန်သမ္မတ ရွေးချယ်ရန် သတ်မှတ်ခဲ့ကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂီယားနားအာကာသယာဉ် လွှတ်တင်ရေးစခန်းတွင် အေရီယာနီ ဒုံးယာဉ်ကို လွှတ်တင်ရန် အသင့်ပြင်ဆင်ထားသည်ကို မတ် ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်ပြည်တွင် ဘတ်စ်ကားနှင့် ထရပ်ကားတိုက်မိ သေဆုံးသူ ၁၀ ဦးအထိရှိ

ရှီကျာကျောင်း မတ် ၉

တရုတ်နိုင်ငံ ဟေဘေးပြည်နယ်တွင် သောကြာနေ့ နံနက်ပိုင်းက ဘတ်စ်ကားနှင့်ထရပ်ကား တိုက်မိသည့်ဖြစ်ရပ်တွင် သေဆုံးသူပေါင်းသည် ၁၀ ဦးအထိရှိသွားပြီဖြစ်သည်။

ခွဲစိတ်

အခြား ဒဏ်ရာရရှိသည့် လေးဦးမှာ အခြေအနေ ဆိုးရွားခြင်းမရှိကြောင်း၊ ၎င်းတို့အနက်မှ နှစ်ဦးကို ထိုနေ့ ညနေပိုင်းတွင် ခွဲစိတ်မှုပြုလုပ်ခဲ့ကြောင်း ပြည်နယ် အရာရှိတစ်ဦးက ပြောသည်။

ဂွမ်ဒေါင်းပြည်နယ် တောင်ပိုင်း ဟွမ်ဟွားမြို့နှင့် တီယန်ကျင်းမြို့ကို ဆက်သွယ်ထားသော အမြန်လမ်းမပေါ်ရှိ ဟွမ်ဟွာမြို့တွင် ခရီးသည် ၁၄ ဦး လိုက်ပါလာသော ဘတ်စ်ကားနှင့် ထရပ်ကားတို့ နံနက်စောစောပိုင်းတွင် တိုက်မိကြသည်။ ဒဏ်ရာရရှိသူနှင့် သေဆုံးသူ အားလုံးတို့မှာ ဘတ်စ်ကားပေါ်မှဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂါဇာနယ်စပ်တစ်လျှောက် အီဂျစ်အုတ်တံတိုင်းဆောက်

ရာဖတ်(အီဂျစ်) မတ် ၉

အီဂျစ်နိုင်ငံသည် ဂါဇာကမ်းမြောင်နယ်စပ် အရေးကြီးသည့်ဒေသတွင် အုတ်တံတိုင်းတစ်ခုကို တည်ဆောက်လျက်ရှိကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

အီဂျစ်အလုပ်သမားများသည် ဟားမတ်စ်တို့ ထိန်းချုပ်ထားသော နယ်စပ်တစ်လျှောက် သံဆူးကြိုး အကာအရံများကို ဖယ်ရှား၍ သုံးမီတာမြင့်သော တံတိုင်းတစ်ခုကို အစားထိုးတည်ဆောက်နေကြသည်ဟု နယ်စပ်မြို့ ရာဖတ်မှ မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ အုတ်တံတိုင်းအသစ် တည်ဆောက်ခြင်းလုပ်ငန်းမှာ သုံးကီလိုမီတာအထိ ပြီးစီးနေပြီဖြစ်သည်။ ၁၄ ကီလိုမီတာရှည်သော အီဂျစ်-ဂါဇာနယ်စပ်တစ်လျှောက်လုံးအား ကာရံရန် အစီအစဉ် ရှိ၊မရှိကို သတင်းရပ်ကွက်က ပြောကြားခြင်းမပြုပေ။ အစ္စရေးနှင့် ပါလက်စတိုင်း ပဋိပက္ခ၌ အစ္စရေးက လမ်းကြောင်းများ ပိတ်ဆို့ခဲ့၍ ပါလက်စတိုင်းများက စားနပ်ရိက္ခာအတွက် နယ်စပ်တံတိုင်းကို ဖြိုကာ အီဂျစ်နိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့၍ ယခုကဲ့သို့ အုတ်တံတိုင်း ကာရံရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

စင်ကာပူအစိုးရက လေဆိပ်နားနေဆောင်သစ်တစ်ခုဆောက်လုပ်ရန် စီစဉ်

စင်ကာပူ မတ် ၉

အာရှဒေသတွင် လေယာဉ်စီးခရီးသည် တိုးတက်များပြားလာမှုကို ဖြည့်ဆည်းရန်အတွက် စင်ကာပူက စတုတ္ထလေဆိပ်နားနေဆောင်တစ်ခု ဆောက်လုပ်ရန် စီစဉ်နေကြောင်း ကြာသပတေးနေ့တွင် ပြောကြားသည်။ စင်ကာပူအစိုးရက လေဆိပ်နားနေဆောင်သစ် ဆောက်လုပ်မည့် စီမံကိန်းတစ်ရပ် ရေးဆွဲနေသည်ဟု ဘဏ္ဍာရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီး လင်ဟွီဟွာက ပါလီမန်တွင် ပြောကြားသည်။

စင်ကာပူလေဆိပ် တတိယမြောက် နားနေဆောင်ကို ဇန်နဝါရီလ၌ ဖွင့်လှစ်ခဲ့သည်။ အာရှတစ်လွှားရှိ လေဆိပ်များတွင် လေယာဉ်စီးခရီးသည်များ တိုးတက်ခဲ့ပြီး လေဆိပ်လုပ်ငန်း ချဲ့ထွင်လုပ်ကိုင်လျက်ရှိရာ ချန်ဂီလေဆိပ်၏ ခရီးသည်ဦးရေသည် သန်း ၇၀ အထိ သို့တည်းမဟုတ် ၄၅ ရာနှုန်းခန့် တိုးတက်လာခဲ့ကြောင်း စင်ကာပူလေကြောင်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။ စင်ကာပူလေဆိပ်သည် အာရှဒေသ ထိပ်တန်းအဆင့်သို့ ရောက်ရှိနိုင်ရန် ဟောင်ကောင်နှင့် ဗန်ကောက်တို့နှင့် ပြိုင်ဆိုင်လျက်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကင်းဒေသမှ သုတေသီတစ်ဦး တီထွင်သည့် မော်တော်ဆိုင်ကယ်ရဟတ်ယာဉ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာရေးရာ သတင်းများ

ဘာရက်အိုဘားမား ဝိုင်အိုမင်းပြည်နယ်သို့ မတ် ၇ ရက်က ရောက်ရှိလာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဝိုင်အိုမင်းပြည်နယ်တွင် အိုဘားမား အနိုင်ရ

ဝါရှင်တန် မတ် ၉

အမေရိကန်နိုင်ငံ ဝိုင်အိုမင်းပြည်နယ်တွင် မတ် ၈ ရက်က ဒီမိုကရက်တစ်ပါတီ၏ အကြိုအခြေခံသမ္မတလောင်းရွေးပွဲကို ဆက်လက်ကျင်းပရာ ဆီနိတ်တာ ဘာရက်အိုဘားမားက ယှဉ်ပြိုင်သူ ဟီလာရီရောဒ်ဟမ်ကလင်တန်အား အနိုင်ရရှိသွားသည်။

လာရောက် မဲထည့်သူများ၏ ၉၆ ရာခိုင်နှုန်း ရေတွက်ပြီးချိန်တွင် အိုဘားမားသည် မဲထည့်သူစုစုပေါင်း၏ ၅၉ ရာခိုင်နှုန်းကိုရရှိပြီး ကလင်တန်သည် မဲစုစုပေါင်း၏ ၄၀ရာခိုင်နှုန်းကို ရရှိထားကြောင်းသိရသည်။

ဝိုင်အိုမင်းနယ်သည် ရီပတ်ဘလီကန်များလွှမ်းမိုးသော နယ်ဖြစ်ပြီး ထိုဆန္ဒနယ်တွင် ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ် မဲ ၁၂ မဲသာ ရရန်ရှိသဖြင့် သာမန်အားဖြင့် ယင်းနယ်သည် သမ္မတလောင်းရွေးပွဲတွင် အရေးမပါလှပေ။

သို့သော် ယခုအခါ ယှဉ်ပြိုင်ဘက်နှစ်ဦးအတွက် မဲရရှိရေးသည် တစ်မဲဆိုလျှင် ဆိုသလောက် အရေးပါလျက်ရှိရာ ဝိုင်အိုမင်းပြည်နယ်သည်လည်း ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ယှဉ်ပြိုင်သူများအတွက် အရေးကြီးသော ဆန္ဒနယ်တစ်ခု ဖြစ်လာသည်။

လက်ရှိအခြေအနေတွင် အိုဘားမားသည် ကိုယ်စားလှယ်မဲ ၁၅၂၇ မဲကို ရရှိထားပြီး ကလင်တန်သည် ကိုယ်စားလှယ်မဲ ၁၄၂၈ မဲကို ပိုင်ဆိုင်ထားသည်။ ဒီမိုကရက်တစ်ပါတီတွင် သမ္မတလောင်းအဖြစ် အမည်သတ်မှတ်ခံရရန် အနည်းဆုံးလိုအပ်သော ကိုယ်စားလှယ်မဲ အရေအတွက်သည် ၂၀၂၅ မဲဖြစ်သည်။

ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းယှဉ်ပြိုင်သူ နှစ်ဦးသည် ပြိုင်ပွဲ၌ အရှုံးအနိုင်သဲကွဲစေရန် ကျန်မဲဆန္ဒနယ်များတွင် အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ရဦးမည်ဖြစ်သည်။

မစ္စစ္စပီပြည်နယ်၌ မတ် ၁၁ ရက်၌လည်းကောင်း၊ ပင်ဆယ်လ်ဗေးနီးယားပြည်နယ်တွင်မတ်၂၂ ရက်၌လည်းကောင်း မဲပေးပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်တွင်ဖြစ်ပေါ်နေသော လူမျိုးရေးခွဲခြားမှုများ အဆုံးသတ်သင့်ကြောင်း ကုလသမဂ္ဂတိုက်တွန်း

ဂျီနီဗာ မတ် ၉

အမေရိကန်နိုင်ငံ၌ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုနောက်ပိုင်း အမေရိကန်၌ အာရပ်များ၊ မွတ်ဆလင်များနှင့် တောင်အာရှသားများအပေါ် ခွဲခြားဆက်ဆံမှုများကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးခဲ့ကြောင်း၊ ထိုသို့ ကျင့်သုံးနေမှုများကို ရပ်ဆိုင်းသင့်ကြောင်း ကုလသမဂ္ဂလူမျိုးရေးခွဲခြားဆက်ဆံမှုပပျောက်ရေးကော်မတီက အမေရိကန်နိုင်ငံကို မတ် ၇ ရက်က တိုက်တွန်းလိုက်သည်။

အမေရိကန်နိုင်ငံတွင် ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့်များတွင် လူမျိုးရေးခွဲခြားဆက်ဆံမှုကို တိုက်ဖျက်သွားရန် လက်ခံခဲ့ကြပြီးဖြစ်သည်။ သို့တိုင် အာရပ်များ၊ မွတ်ဆလင်များနှင့် တောင်အာရှသားများအပေါ် ခွဲခွဲခြားခြား ဆက်ဆံနေကြဆဲဖြစ်သည်။

စိုးရိမ်

ထို့အပြင် အမေရိကန်ရှိ လက်တင်အမေရိကဒေသသားများ၊ အာဖရိကနွယ်ဖွား အမေရိကန်များမှာလည်း ခွဲခြားဆက်ဆံခံရသည့်အခြေအနေနှင့် ရင်ဆိုင်နေရသည်။ ယင်းအုပ်စုတွင် ပါဝင်သူများသည် အဆင့်မမီသော အိမ်ရာများ၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသော အခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝ မရသော အနေအထားနှင့် ဒုစရိုက်ပေါများသော ပတ်ဝန်းကျင်တွင် နေထိုင်ကြရသည်။ ထိုအခြေအနေများမှာလည်း ဆိုးရွားသော စိုးရိမ်ဖွယ်ရာ အနေအထားများပင်ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်စီးပွားရေး နေးကွေးနေကြောင်း ဘုရှ်ဝန်ခံပြောကြား

ဝါရှင်တန် မတ် ၉

အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်သည် အမေရိကန်နိုင်ငံ၏ စီးပွားရေးနှေးကွေးနေကြောင်း သောကြာနေ့က ဝန်ခံပြောကြားလိုက်ပြီးနောက် စီးပွားရေး ပြန်လည် ဦးမော့လာရန် ၎င်း၏အစိုးရအဖွဲ့က အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

လုပ်ငန်းတစ်ခု ဆုံးရှုံးသွားခြင်းသည် ထိခိုက်နာကျင်မှုကို ဖြစ်စေကြောင်း၊ ၎င်းအပါအဝင် အမေရိကန်များသည် အမေရိကန်စီးပွားရေးကို စိုးရိမ်နေကြကြောင်း အိမ်ဖြူတော်၌ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဘုရှ်က ပြောကြားလိုက်သည်။

အိမ်ဖြူတော်စီးပွားရေးဆိုင်ရာ အကြံပေးအဖွဲ့၏ဥက္ကဋ္ဌဖြစ်သူ အက်ဒ်ဝပ်လာဇာက ယခုအခြေအနေတွင် အမေရိကန်စီးပွားရေး ကျုံ့လာနိုင်ကြောင်း စောစောပိုင်းက ဝန်ခံပြောကြားခဲ့သည်။

အမေရိကန် လုပ်ငန်းရှင်များသည် ငါးနှစ်အတွင်း ဝန်ထမ်းအများအပြား လျှော့ချခဲ့ရာ ဖေဖော်ဝါရီလတွင် အလုပ်သမား ၆၃၀၀၀ကို အလုပ်ဖြုတ်လိုက်ကြောင်း အလုပ်သမားရေးရာဌာနက အစီရင်ခံစာထုတ်ပြန်ပြီးဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ယခုနှစ်အတွက် နာဆာ၏ ဒုတိယမြောက် အာကာသလွန်းပြန်ယာဉ်အဖြစ် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါ ပြည်နယ်ရှိ ကနေဒီ အာကာသစခန်းမှ အင်္ဂါနေ့တွင် လွှတ်တင်မည့် အင်ဒင်းန်ဗား အာကာသလွန်းပြန်ယာဉ်ကို ဒုံးပစ်စင်ပေါ်၌ မတ် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်တွင် အိမ်ပြို၍ မိသားစုငါးဦးသေဆုံး

အစ္စလာမ္မာဘတ် မတ် ၈

ပါကစ္စတန် အနောက်မြောက်နယ်စပ်ပြည်နယ်တွင် မိုးပြင်းထန်စွာ ရွာသွန်းမှုကြောင့် အိမ်တစ်လုံးပြိုကျကာ မိခင်နှင့် သမီးလေးဦးသေဆုံးပြီး သားမှာ ဒဏ်ရာရရှိသွားကြောင်း နယူးနက်ဝပ် အင်တာနေ့ရှင်နယ် သတင်းဌာနက သောကြာနေ့တွင် ဖော်ပြသည်။

နယ်စပ်ပြည်နယ်၏ ဟန်ဂူခရိုင်တွင် ကြာသပတေးနေ့ညက မိသားစုအားလုံး အိပ်ပျော်နေစဉ် အိမ်ပြိုကျရာမှ အသက် ၄၀ အရွယ်ရှိ မိခင် အန်နာဂျန်နှင့် ၎င်း၏သမီး လေးဦးမှာ ပွဲချင်းပြီးသေဆုံးကာ သားမှာ ထိခိုက်ဒဏ်ရာရရှိသွားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗီယက်နမ် ဆန်ပို့ကုန်တိုးမြှင့်

ဟန်နွိုင်း မတ် ၇

ဗီယက်နမ်နိုင်ငံသည် ၂၀၀၈ ခုနှစ် ပထမနှစ်လတာတွင် အမေရိကန်ဒေါ်လာ သန်း ၁၃၀ဖိုးရှိ ဆန်တန် ၃၃၁၀၀၀ကို တင်ပို့ခဲ့ကြောင်း၊ နှစ်အလိုက်နှုန်းထားများနှင့် နှိုင်းယှဉ်လျှင် တန်ချိန်အားဖြင့် ၂၆ဒသမ၅ရာခိုင်နှုန်းတိုးလာပြီး တန်ဖိုးအားဖြင့် ၅၃ဒသမ၉ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ကုန်သွယ်ရေး သတင်းပြန်ကြားရေးဌာနက မတ် ၅ ရက်တွင် ထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်စပါးဈေးနှုန်းမှာ ယခုအခါ ငါးမှတ်ဆန်သည် တစ်တန် လျှင် အမေရိကန်ဒေါ်လာ ၄၆၀ရှိပြီး ၂၅မှတ်ဆန်သည် အမေရိကန်ဒေါ်လာ ၄၃၀ ရှိသည်။ ၂၀၀၇ခုနှစ် မတ်လ ဈေးနှုန်းထက် ၅၀ ရာခိုင်နှုန်းမှ ၅၃ ရာခိုင်နှုန်းအထိ ဈေးနှုန်းမြင့်မားလာခြင်းဖြစ်သည်။

ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးနှုန်းသည် ဆက်လက်မြင့်တက်မည်ဖြစ်ကြောင်း၊ ထိုင်းနှင့် ဗီယက်နမ်ကဲ့သို့သော ဆန်စပါး အများအပြား တင်ပို့သည့် နိုင်ငံများတွင် ရာသီဥတုဆိုးရွားခဲ့သည့်အတွက် ဆန်စပါးအထွက်နှုန်း လျော့နည်းသွားသဖြင့် ဆန်စပါးဈေးတက်နိုင်ကြောင်း အဆိုပါ ဝန်ကြီးဌာနက ခန့်မှန်းသည်။

ထိုင်းနိုင်ငံပြီးလျှင် ဗီယက်နမ်နိုင်ငံသည် ကမ္ဘာတွင်ဆန်တင်ပို့မှု ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။ ၂၀၀၇ ခုနှစ်က ဗီယက်နမ်သည် ဖိလစ်ပိုင်၊ မလေးရှား၊ ကျူးဘား၊ အင်ဒိုနီးရှားနှင့် ဂျပန်နိုင်ငံတို့သို့ ဆန်အဓိကတင်ပို့ခဲ့သည်။ တင်ပို့မှုတန်ချိန် ၃ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း ၂၀၀၆ ခုနှစ်က ရရှိခဲ့သည့် ဝင်ငွေနှင့်နှိုင်းယှဉ်လျှင် ၁၃ ဒသမ ၉ ရာခိုင်နှုန်း ပိုမိုရရှိခဲ့ကြောင်း ဗီယက်နမ် အထွေထွေစာရင်းအင်းရုံးက ဖော်ပြသည်။

၂၀၀၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ စပါးစိုက်ပျိုးမှု စုစုပေါင်းသည် ဟက်တာ ၇ ဒသမ ၂ သန်းရှိပြီး ဆန်တန်ချိန် ၃၅ ဒသမ ၉ သန်းခန့် ထွက်ရှိခဲ့သည်။ ၂၀၀၆ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် စပါးတန်ချိန် ၀ ဒသမ ၁ ရာခိုင်နှုန်း တိုးလာသော်လည်း စိုက်ပျိုး မြေစုစုပေါင်းသည် ၁ ဒသမ ၇ရာခိုင်နှုန်း နည်းပါးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျေရုဆလင်တိုက်ခိုက်မှု ဟားမတ်စ် တာဝန်ရှိကြောင်း ကြေညာ

ဂါဇာ မတ် ၉

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ ဂျူးကျောင်းတစ်ကျောင်းအတွင်း မတ် ၆ ရက်က ပစ်ခတ်မှုဖြစ်ပွားပြီး ကျောင်းသားရှစ်ဦးသေဆုံးကာ အများအပြား ဒဏ်ရာရရှိစေသည့် ဖြစ်ရပ်တွင် မိမိတို့ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပါလက်စတိုင်း အစ္စလာမ်မစ်ဟားမတ်စ်လှုပ်ရှားမှုအဖွဲ့၏ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်သည်။ ကြာသပတေးနေ့ မှောင်စပျိုးချိန်တွင် သေနတ်သမားများသည် ဘာသာရေးကျောင်းတစ်ကျောင်းအတွင်းသို့ဝင်ရောက်ပြီး ပစ်ခတ်ခဲ့သည်။ ထိုနေ့ညနေပိုင်းတွင် ဂယ်လီလီလွတ်မြောက်ရေးတပ်ဖွဲ့ဟု ခေါ်သည့် အဖွဲ့တစ်ဖွဲ့ကလည်း ထိုတိုက်ခိုက်မှုတွင် တာဝန်ရှိကြောင်း ကြေညာချက်ကို ဟစ်ဘိုလာဇ်အယ်လ်မနာ ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံတွင် ရဲအရာရှိများ အရက်သေစာ သောက်စားထားခြင်း ရှိ၊ မရှိ တာဝန်ရှိသူတစ်ဦးက စမ်းသပ်စစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နေတိုး တိုးချဲ့ခြင်းသည် ကုလဂုဏ်သိက္ခာထိခိုက်ဟု ပူတင်ပြောကြား

မော်စကို မတ် ၉

ရုရှားသမ္မတပူတင်က မော်စကိုမြို့တွင် စနေနေ့က ဂျာမန်ဝန်ကြီးချုပ် အန်ဂျ လာမာကယ်လ်နှင့် တွေ့ဆုံရာတွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) ကို ဆက်လက်တိုးချဲ့နေခြင်းသည် ကုလသမဂ္ဂ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည်ဟု ပြောကြားလိုက်သည်။ ယူကရိန်းနိုင်ငံသည် နိုင်ငံရေးအရ မဟုတ်ဘဲ ယူကရိန်းပြည်သူများ၏ ဆန္ဒအရ နေတိုးအုပ်စုသို့ ဝင်ရောက်ခြင်းဖြစ်သည်ဆိုလျှင် သဘောတူညီမှာဖြစ်ကြောင်း ပူတင်က ပြောကြားသည်။

မာကယ်လ်သည် ရုရှားသမ္မတရွေးချယ်ပွဲအပြီး ပထမဆုံး လာရောက်သော နိုင်ငံခြားခေါင်းဆောင်တစ်ဦးဖြစ်သည်။ သမ္မတအဖြစ် ရွေးချယ်ခံထားရသော ဒီမီထရီမက်ဒီဗက်နှင့်လည်း တွေ့ဆုံ ဆွေးနွေးမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့ (၁)

ခိုင်မျိုးညီလာအောင်

တိုင်းရင်းသားစုံ၊ အလွှာစုံ၊ ဒေသစုံ၊ ဌာနစုံ၊ လူထုလူတန်းစားစုံ၊ ကဏ္ဍစုံ ကိုယ်စားလှယ်တစ်ထောင်ကျော် တက်ရောက်သည့် အမျိုးသားညီလာခံကြီးသည် ၂၀၀၇ခုနှစ် စက်တင်ဘာလ ၃ရက်နေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ ထိုအမျိုးသားညီလာခံကြီးမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရာ၌ ပါဝင်အခြေခံရမည့် အခန်းလိုက်ခေါင်းစဉ် ၁၅ ခုအတွက် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို တညီတညွတ်တည်း ချမှတ်ပေးခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမျိုးသားညီလာခံတွင် ချမှတ်ခဲ့သော အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို အခြေခံလျက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရန် ၁၈-၁၀-၂၀၀၇ ရက်နေ့တွင် ကြေညာချက်အမှတ် ၂/၂၀၀၇ ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ ယင်းကော်မရှင်တွင် အဖွဲ့ဝင် ၅၄ ဦး ပါဝင်သည်။ ပြည်ထောင်စုတစ်ဝန်းမှ တိုင်းရင်းသားစုံ ဥပဒေပညာရှင်များ၊ အတွေ့အကြုံရင့်ကျက်သော နိုင်ငံသားများ၊ ပညာရှင်များ၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးအတွေ့အကြုံ ဗဟုသုတ ကြွယ်ဝသူများပါဝင်သည်။

၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကော်မရှင်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်ရေးဆွဲခဲ့ရာ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲပြီးစီးသဖြင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီအစည်းအဝေး၌ အတည်ပြု မော်ကွန်းတင် လက်မှတ်ရေးထိုးခဲ့ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက် နေ့စွဲပါ ကြေညာချက်အမှတ် ၁/၂၀၀၈ ထုတ်ပြန်ကာ ရေးဆွဲပြီးဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပကာ ပြည်သူတို့၏ ထောက်ခံဆန္ဒဖြင့် အတည်ပြုမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

တစ်ဆက်တည်းပင် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့စွဲပါ ကြေညာချက်အမှတ် ၂/၂၀၀၈ ဖြင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲက အတည်ပြုပေးလိုက်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ ကျင်းပပေးမည်ဟု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မြန်မာသိ၊ ကမ္ဘာသိ အသိပေးကြေညာခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းရေး ခြေလှမ်းများကို တစ်ဆင့်ပြီးတစ်ဆင့် လှမ်းတက်နေကြောင်း ဤကြေညာချက်များ၊ လုပ်ငန်းရပ်များက အထင်အရှားပြသနေပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ် ၁/၂၀၀၈ဖြင့် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်သော ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေတွင် အခန်း ၁၂ ခန်း ပါဝင်သည်။ အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်း၊ အခန်း(၃)ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများဖွဲ့စည်းခြင်း၊ အခန်း(၄) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အခန်း(၅) မဲစာရင်းများပြုစုခြင်း၊ အခန်း(၆)ဆန္ဒမဲပေးခြင်း၊ အခန်း(၇)ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်း၊ အခန်း(၈)ဆန္ဒမဲရေတွက်ခြင်း၊ အခန်း(၉) ဆန္ဒမဲများကြေညာခြင်း၊ အခန်း(၁၀)တားမြစ်ချက်နှင့် ပြစ်ဒဏ်၊ အခန်း(၁၁) ဘဏ္ဍာရေးနှင့် ဝန်ထမ်းအကူအညီရယူခြင်း၊ အခန်း(၁၂)အထွေထွေ စသည်တို့ ပါဝင်သည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှာပင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကြေညာချက်အမှတ် ၁/၂၀၀၈ဖြင့် ပြဋ္ဌာန်းထားသော ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ၏ အခန်း(၃) ပုဒ်မ ၅(က)အရ အဖွဲ့ဝင် ၄၅ဦး ပါဝင်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းကြေညာလိုက်သည်။

လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော နိုင်ငံတိုင်းတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲပြဋ္ဌာန်း ကျင့်သုံးကြစမြဲဖြစ်သည်။ တိုင်းတစ်ပါးသား နယ်ချဲ့များလက်အောက် ကျရောက်သော နိုင်ငံ၊ ဖက်ဆစ်အာဏာရှင်နိုင်ငံ၊ ပဒေသရာဇ်၊ ကေရာဇ်တို့အုပ်စိုးသော နိုင်ငံများတွင် အခြေခံဥပဒေမရှိပေ။ ရှိလျှင်လည်း အုပ်စိုးသူတို့ စိတ်ကြိုက်ဥပဒေ၊ အုပ်ချုပ်ရေးပုံစံ၊ တရားစီရင်ရေးစနစ်ဖြင့် စခန်းသွားလေ့ရှိသည်။

လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော နိုင်ငံတိုင်းတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲပြဋ္ဌာန်း ကျင့်သုံးကြစမြဲဖြစ်သည်။ တိုင်းတစ်ပါးသား နယ်ချဲ့များ လက်အောက်ကျရောက်သောနိုင်ငံ၊ ဖက်ဆစ် အာဏာရှင်နိုင်ငံ၊ ပဒေသရာဇ်၊ ကေရာဇ်တို့ အုပ်စိုးသော နိုင်ငံများတွင် အခြေခံဥပဒေ မရှိပေ။ ရှိလျှင်လည်း အုပ်စိုးသူတို့ စိတ်ကြိုက် ဥပဒေ၊ အုပ်ချုပ်ရေးပုံစံ၊ တရားစီရင်ရေး စနစ်ဖြင့် စခန်းသွားလေ့ရှိသည်။

၁၉၄၈ခုနှစ်တွင် လွတ်လပ်ရေးပြန်လည်ရရှိခဲ့သော မြန်မာနိုင်ငံသည် အခြေခံဥပဒေတစ်ရပ်ကို ၁၉၄၇ခုနှစ်မှ စတင်ရေးဆွဲပြဋ္ဌာန်း ကျင့်သုံးခဲ့သည်။ သို့သော်လည်း ထိုအခြေခံဥပဒေမှာ သူ့ကျွန်ဘဝ၌ ရေးဆွဲရခြင်း၊ ပြည်ပ ပယောဂဝင်နေသော ပဒေသရာဇ်စော်ဘွားအချို့၏ အကျပ်ကိုင်ခံရခြင်း၊ အခြေခံဥပဒေအတည်မပြုမီ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရခြင်း၊ လွတ်လပ်ရေးအမီ ဒရောသောပါး ရေးဆွဲရခြင်းတို့ကြောင့် ပြည်ထောင်စုကြီး ကွဲအက်ရေး၊ ခွဲထွက်ရေးလှုပ်ရှားမှုတို့ဖြင့် တစ်ဗာတ်သိမ်းခဲ့ရသည်။ မည်သို့ပင်ဆိုစေ ယင်း ၁၉၄၇ခုနှစ် အခြေခံဥပဒေကို ပြည်သူထံ ချမပြနိုင်ခဲ့၊ ပြည်သူ့ဆန္ဒခံယူ အတည်ပြုနိုင်ခြင်းမရှိခဲ့ပေ။ လွတ်လပ်ရေးရတော့မည်ဟူသော ယုံကြည်မျှော်လင့်ချက်ဖြင့် ထေခဲ့ကြရသည်။

၁၉၇၄ ခုနှစ် အခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီး ပြည်သူအများစု ထောက်ခံဆန္ဒမဲများဖြင့် အတည်ပြုခဲ့သည်။ ယင်းအခြေခံဥပဒေပါ ဆိုရှယ်လစ်လမ်းစဉ် ဆိုရှယ်လစ်မူများကို မကြိုက်ကြဟု ဆန့်ကျင်ကန့်ကွက်ခဲ့ကြသဖြင့် ၁၉၈၈ခုနှစ်တွင် တစခန်းသိမ်းသွားရပြန်သည်။ မည်သို့ဆိုစေ ၁၉၇၄ခုနှစ် အခြေခံဥပဒေသည် ပြည်သူ့ဆန္ဒ၊ ပြည်သူ့ထောက်ခံမဲများဖြင့် ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပေသည်။

၁၉၈၈ခုနှစ်တွင် လက်ဝဲ(ကွန်မြူနစ်မျိုးစုံ)၊ လက်ယာ(အနောက်မျှော်အုပ်စုမျိုးစုံ)၊ မြေပေါ်(အာဏာရလိုသူ နိုင်ငံရေးတောကြောင်များနှင့် ပွဲလုန့်ဖျာခင်း ဖောက်ထွင်းလုယက်ကြသော တောကြောင်မျိုးစုံ)၊ မြေအောက် (လက်နက်ကိုင်သောင်းကျန်းကာ လုယက်သတ်ဖြတ် ရွာမီးရှို့၊ ဘိန်းမှောင်ခိုလုပ်ငန်းဖြင့် စီးပွားတက်နေသော သောင်းကျန်းသူမျိုးစုံ)၊ ပြည်ပ(မြန်မာ့လွတ်လပ်ရေးကို ပြန်လည်သိမ်းယူကာ နိုင်ငံကို စိုးမိုးခြယ်လှယ်သွေးစုပ်ရန် ချောင်းနေသော ကိုလိုနီနယ်ချဲ့မျိုးစုံ)တို့၏ တိုင်းဆူပြည်ဖျက်၊ ပြည်ထောင်စုဖြိုချပွဲကြီးကို ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်ပြီး တပ်မတော်က ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ဤတွင် "ဒီတစ်ပွဲတော့ မြန်မာနိုင်ငံဟာ ဒို့လက်ထဲရောက်တော့မယ်။ ဒို့ စီးပွားရေးစားကျက်တွေ၊ စစ်စခန်းတွေ ဖြန့်ကြက်ချထားနိုင်တော့မယ်။ မြန်မာ့မြေပေါ်က ကြွယ်ဝလှတဲ့ ရေမြေသယံဇာတ ခနဉ္စာများကို ဒို့ပိုင်ပြီ"ဟု တွက်ထားသော နယ်ချဲ့အုပ်စု ဆွေ့ဆွေ့ခုန်ခဲ့သည်။ ထို ၁၉၈၈ခုနှစ်နှောင်းပိုင်းမှစပြီး မြန်မာနိုင်ငံကို မီဒီယာ(ဝါဒဖြန့်) လက်နက်စုံသုံး၊ စီးပွားရေးပိတ်ဆို့နှောင့်ယှက်နည်းစုံသုံး၊ မြန်မာနိုင်ငံ ဖြိုချဖျက်ဆီးရေး မဟာဗျူဟာချမှတ်ကာ အဖျက်အမှောင့်လုပ်ရပ်များ ဆက်တိုက်လုပ်ခဲ့သည်။ အမျိုးသားသစ္စာကြီးမားသော တပ်မတော်နှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်ကျက်ခိုင်မာသော မြန်မာတိုင်းရင်းသားတို့ကို အဆက်မပြတ် ထိုးနှက်တိုက်ခိုက်လာခဲ့သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(တပ်မတော်အစိုးရ)က ၁၉၈၈ခုနှစ်မှ ၁၉၉၇ခုနှစ်အထိ ဖရိုဖရဲဖြစ်နေသော နိုင်ငံတော်ကို တည်ငြိမ်အောင်၊ ကျူးကျော်မခံရအောင်၊ ရပ်ရွာအေးချမ်းပြီး ဥပဒေစိုးမိုးအောင်၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့အောင် ကျားကုတ်ကျားခဲ ဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ စတင်တည်ဆောက်ခဲ့သည်။ လက်နက်ကိုင် သောင်းကျန်းသူများအနေဖြင့် ဥပဒေဘောင်အတွင်းဝင်ရောက်ကာ ပြည်ထောင်စု ဖွံ့ဖြိုးရေးကို အစိုးရ၊ ပြည်သူတို့နှင့်အတူ လက်တွဲလုပ်နိုင်အောင် တွေ့ဆုံဆွေးနွေး ဖိတ်ခေါ်ခဲ့သည်။

၁၉၉၇ ခုနှစ်မှစပြီး တပ်မတော်အစိုးရက နိုင်ငံတော်၌ ငြိမ်းချမ်းတည်ငြိမ်လာပြီဖြစ်၍ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖြစ် ပြောင်းလဲဖွဲ့စည်းကာ ပြည်တွင်း ငြိမ်းချမ်းရေး၊ ပြည်ထောင်စုတစ်ဝန်း နယ်စပ်မကျန်၊ ကျေးလက်မချန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်တိုက်လုပ်ဆောင်ခဲ့သည်။

နိုင်ငံတော် ငြိမ်းချမ်းတည်ငြိမ်မှုရယူပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဆင့် လှမ်းတက်ရန် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ခဲ့သည်။

ယနေ့အချိန်အခါတွင် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက စည်းလုံးညီညွတ်မှု၏ အစဉ်အလာကောင်း၊ အခြေခံကောင်းများဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ငြိမ်းချမ်းသာယာဖွံ့ဖြိုး ဝေစည်နေသည့် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ကြိုးပမ်းဖော်ဆောင် နေကြပြီဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက စည်းလုံးညီညွတ်မှု၏ အစဉ်အလာကောင်း၊ အခြေခံကောင်းများဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ငြိမ်းချမ်းသာယာဖွံ့ဖြိုးဝေစည်နေသည့် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ကြိုးပမ်းဖော်ဆောင်နေကြပြီ ဖြစ်ပါသည်။

ဤကဲ့သို့သော အခြေအနေကောင်း၊ အချိန်အခါကောင်းတွင် ဘေးပယောဂများကို ယုံစား၍လည်းကောင်း၊ မိမိကိုယ်တိုင် ပညာ၊ ဗဟုသုတမပြည့်ဝအားနည်း၍လည်းကောင်း အခွင့်အရေးကို လက်လွတ်ခံလိုက်ပါက နောက်တစ်ကြိမ် အလားတူအခွင့်အရေးမျိုး ထပ်မံရရှိရန် နှစ်ပရိစ္ဆေဒမည်မျှကြာအောင် စောင့်ဆိုင်းရမည်ကို မသိနိုင်၊ မတွေးနိုင်၊ မမှန်းဆရဲနိုင်။

မိမိတို့၏ အနာဂတ်မပျောက်ပျက်အောင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို လှိုက်လှိုက်လှဲလှဲကြိုဆိုသင့်ကြပြီဟု အလေးအနက် ဆိုလိုက်ချင်သည်။ ။

တိုင်းမှူးဗိုလ်ချုပ်လှရွှေဝင်း လှိုင်၊ မရမ်းကုန်းနှင့် တာမွေမြို့နယ်အတွင်း ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းသည် ယမန်နေ့ နံနက် ၆ နာရီခွဲတွင် လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတို့၏ မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက ဖြည့်စွက် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် လှိုင်မြို့နယ် (၁၆)ရပ်ကွက် မာလာမြိုင် (၈)လမ်း၊ (၉)လမ်းနှင့် မရမ်းကုန်းမြို့နယ်မင်းရဲကျော်စွာလမ်းတစ်လျှောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင် သရုပ်ပြဆောင်ရွက်မှု လုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက် ရှစ်လုံး အသုံးပြု၍ နေရာလပ်မရှိ ကွက်ပြည့် ခြင်ဆေးဖျန်း ဆောင်ရွက်နေမှုများ၊ သမိုင်းချောင်း တစ်လျှောက် ရေဝပ်မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် နုန်းနှင့် အမှိုက်များ ဆယ်ယူနေခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလားတူ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းသည် ယမန်နေ့ နံနက် ၈ နာရီတွင် တာမွေမြို့နယ် စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတို့က တာမွေမြို့နယ်အတွင်း ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းမှူးက ဖြည့်စွက်အမှာစကားပြောကြားပြီး တိုင်းမှူးနှင့်အဖွဲ့သည် တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက် ၁၃၃ လမ်းတစ်လျှောက်နှင့် မအူကုန်းရပ်ကွက် လမ်း ၁၆၀ နှင့် ၁၆၁ လမ်းတစ်လျှောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ကျန်းမာရေး ဟောပြောပွဲ ဆောင်ရွက်နေမှုများ၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင် သရုပ်ပြဆောင်ရွက်မှု လုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက် ကိုးလုံး အသုံးပြု၍ နေရာလပ်မရှိ ကွက်ပြည့် ခြင်ဆေးဖျန်း ဆောင်ရွက်နေမှုများ၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၅)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ယောနယ်အသင်း (ရန်ကုန်) ဘွဲ့ခံဆရာတော်များအား ပူဇော်မည်

ရန်ကုန် မတ် ၉

နိုင်ငံတော်အစိုးရက ချီးမြှင့်ဆက်ကပ်မည့် ယောနယ်ဇာတိဖွား ဘွဲ့ခံဆရာတော်များအား (၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်) မတ် ၂၂ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်-၂၀၂၊ လမ်း (၄၀)၊ ယောနယ်အသင်းတိုက်တွင် ပူဇော်ပွဲကျင်းပမည်ဖြစ်သည်။ ဥက္ကဋ္ဌ ဦးအေးမောင် အမှတ်-၅၂၊ လမ်း (၃၀)၊ ဒု-ဥက္ကဋ္ဌ ဦးအောင်မြ အမှတ်-၁၄၀၊ ၃၇ လမ်းနှင့် အတွင်းရေးမှူး ဦးသာလှ အမှတ်-၉၅၊ ဆိပ်ကမ်းသာလမ်းတို့သို့ ဆက်သွယ်လှူဒါန်းပူဇော်နိုင်ပါရန် နှိုးဆော်ထားကြောင်း သိရသည်။

ပြည်နယ်၊ တိုင်းအသီးသီးမှ ယောနယ်ဇာတိဖွား ဘွဲ့ခံဆရာတော်များလည်း အသင်းနှင့်ဆက်သွယ်၍ အပူဇော်ခံတော်မူကြပါရန် လျှောက်ထားကြောင်း သိရသည်။

(က-ပ)

ရန်ကင်း ပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် အာယုဒါနအလှူအဖြစ် မင်္ဂလာဒုံ(ဗိုလ်ခြံ) မြသီတာရပ်ကွက် ဇေတဝန်ကျောင်းနေ ဒေါက်တာသောပါကအား အမှူးထား၍ ကုသိုလ်ရှင်များက ငွေကျပ်နှစ်သိန်းသုံးသောင်းကို လှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။

(၅၃၅)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကျေးလက်ဆေးပေးခန်း ဖွင့်ပွဲ တက်ရောက်

နေပြည်တော် မတ် ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် ငကောင်းကံအုပ်စု ဇီးကုန်းကျေးရွာသို့ရောက်ရှိပြီး ရှမ်းစုလေးရွာနှင့် ဇီးကုန်းကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် အရှည်ပေ ၁၁၉၅၀ နှင့် အနံပေ ၂၀ ရှိ မြေသားလမ်းကို ကြည့်ရှုစစ်ဆေးပြီး လမ်းဘေး ဝဲ၊ ယာတွင် နွေစပါးစိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေ၊ နေကြာစိုက်ခင်းနှင့် ပဲစိုက်ခင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေသည် သာသနာ့ဟိတကာရီ ဇီးကုန်းအနောက်ကျောင်းတိုက်သို့ သွားရောက်၍ နေပြည်တော် ပျဉ်းမနားမြို့နယ် သံဃနာယကဒုတိယဥက္ကဋ္ဌ ဆရာတော် ဦးဉာဏဝံသနှင့် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေသည် နေပြည်တော်ပျဉ်းမနားမြို့နယ်၊ ဇီးကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဇီးကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

အစီအစဉ်အရ ဗဟိုအလုပ် အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဇီးကုန်းကျေးရွာ ကျေးလက် ဆေးပေးခန်းအတွက် ငွေကျပ်တစ်သိန်း၊ စာကြည့်တိုက်အတွက် ငွေကျပ်တစ်သိန်းနှင့် စာစောင်များပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ဇီးကုန်းကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲသို့ အလှူရှင်အသီးသီးတို့က အလှူငွေများ လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ကျေးရွာကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ကျေးလက်ဆေးပေးခန်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဦးနှင့် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ သန်းလွင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် အဖွဲ့သည် ကျေးလက် ဆေးပေးခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့လှူဒါန်းသည့် နေပြည်တော် ပျဉ်းမနား မြို့နယ် ငကောင်းကံအုပ်စု ဇီးကုန်းကျေးရွာ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းအတွက် ဆေးပဒေသာပင် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၆၅၅၀၀၀ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေ နေပြည်တော် ပျဉ်းမနားမြို့နယ် ဇီးကုန်းကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲ အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

လှိုင်မဟာစည်တရားစခန်း

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်း လှိုင်မြို့နယ် ၁၁ ရပ်ကွက် ယောဂီကျောင်းလမ်း လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော လှိုင်မဟာစည် (၂၉) နှစ်ပြည့် သာသနာ့မာရ်အောင် ရွှေရတုကျော်(၂၅)နှစ်ပြည့် မိဂဒါဝုန် ဝိပဿနာသင်တန်း ၁၇ ရက် တရားစခန်းပွဲကို မတ်၁၁ ရက်မှ ၂၇ ရက်အထိလည်းကောင်း၊ မဟာသကြၤန် တရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၂၇ ရက်အထိလည်းကောင်း ဖွင့်လှစ်မည်ဖြစ်ရာ အသေးစိတ်သိလိုသူများ၊ စာရင်းပေးသွင်းလိုသူများ၊ လှူဒါန်းလိုသူများသည် ရုံးခန်းဖုန်း- ၀၁-၅၂၆၁၈၂၊ ၅၁၉၇၅၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (က-ပ)

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကစ်တီက သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်ရဲမင်းဟိန်းအား ဆုချီးမြှင့်စဉ်။

(ပညာရေး)

မီးဘေးကာကွယ်ရေးဟောပြော

ရန်ကုန် မတ် ၉

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ခရေပင်လမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အငှားယာဉ် လုပ်ငန်း၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးအတွက် အသိပညာပေး ဟောပြောပွဲနှင့် သရုပ်ပြပွဲကို မတ် ၇ရက်တွင် ကျင်းပရာ ကျောက်တံတား မီးသတ်ဇုန်နယ်မြေမှ ဒုတိယမီးသတ်ဦးစီးမှူး ရဲသူရိန်ကိုကိုစိုးက မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးလောင်မှု အကြောင်းရင်းများနှင့် မီးသတ်လုပ်ငန်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဟောပြောပြီး ရှေးဦးမီးငြိမ်းသတ်ရေး ပစ္စည်းများ ဖြစ်သည့် မီးသတ်ဆေးဘူးများကိုင်တွယ်အသုံးပြုပုံတို့ကို ရှင်းလင်းပြသကာ ဝန်ထမ်းများနှင့် လုပ်သားများက မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြ ငြိမ်းသတ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်သည့် ဗိုလ်မှူးမြင့်လွင်(ငြိမ်း) (နိုင်ငံ့ဂုဏ်ရည်ပထမဆင့်)နှင့် ဒေါ်စိန်ကြည် (လက်ထောက် ညွှန်ကြားရေးမှူး၊ ငြိမ်း)တို့အား ရည်စူး၍ ဒေါ်ဥမ္မာလွင်၏ ကောင်းမှုဖြင့် မုံရွာမြို့ ဘိုးဘွားရိပ်သာသို့ နဝကမ္မ ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးသန်းညွန့် လက်ခံယူစဉ်။

(က-ပ)

ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် မတ် ၉

ကြေးပိဋကတ်တော် သုတ္တန္တပိဋကဝင် အင်္ဂုတ္တိုရ်ပါဠိတော်ကျမ်း (ဒုတိယအုပ်)အတွက် ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)အရှင်မြတ်ထံသို့ နှစ်ဖက်မိဘများအား အမှူးထား၍ ဗိုလ်ချုပ်သာအေး-ဒေါ်ဝေဝေခိုင်မိသားစုက ကြေးပြား ၂၄ ချပ် ငွေကျပ် ၆၂၄၀၀၀နှင့် ကြေးသေတ္တာတစ်လုံး ငွေကျပ် ၁၅၀၀၀၀၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း-ဒေါ်ခင်သန်းဝင်းမိသားစုက ကြေးပြား ၂၃ ချပ် ငွေကျပ် ၅၉၈၀၀၀၊ ဦးမောင်ကလေး-ဒေါ်စိန်စိန်မိသားစုက ကြေးပြားငါးချပ် ငွေကျပ် ၁၃၀၀၀၀၊ ဦးအောင်မြင့်-ဒေါ်ကြည်အေးအား အမှူးထား၍ သား မောင်မျိုးသွင်နှင့် မောင်နမတစ်စုတို့က ကြေးပြားငါးချပ် ငွေကျပ် ၁၃၀၀၀၀၊ ဦးငြိမ်းဆွေ-ဒေါ်တင်တင်ခိုင်၊ သမီး မေသင်းခိုင်မိသားစုက ကြေးပြားငါးချပ် ငွေကျပ် ၁၃၀၀၀၀၊ ဦးအောင်မြင့်-ဒေါ်ကြင်သန်း၊ သား မောင်တင်ဘုန်းအောင်၊ သမီး မခင်မြင့်မြင့်ဦးမိသားစုက ကြေးပြားနှစ်ချပ် ငွေကျပ် ၅၂၀၀၀၊ မိဘများအားအမှူးထား၍ ဦးသိန်းထွန်းအောင်နှင့် မောင်နမတစ်စုတို့က ကြေးပြားတစ်ချပ် ငွေကျပ် ၂၆၀၀၀ ကို အသီးသီးလှူဒါန်းကြသည်။

အလှူရှင်များ လှူဒါန်းလိုပါက မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ်မင်းကိုယ်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅နှင့် ၀၉-၅၁ ၉၅၂၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ (က-ပ)

မန်ယူနှင့်ချယ်လ်ဆီး အောင်ပျော့လိုပ်ရသည့် အက်ဖ်အေဖလားပွဲ

ဇာနည်ဦး

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ဖလား (FA) ဖလားကွာတားဖိုင်နယ်ပွဲများကို မတ် ၈ ရက်က ကျင်းပခဲ့ရာ ပရီမီယာလိဂ် ထိပ်သီးနာမည်ကြီး မန်ချက်စတာ ယူနိုက်တက်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ရှုံးရချက်နာနာဖြင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည်။

ယခုနှစ် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ပရီမီယာလိဂ်အသင်းများဖြစ်သည့် မန်ချက်စတာယူနိုက်တက်၊ ချယ်လ်ဆီး၊ ပို့စ်မောက်နှင့် အောက်တန်းအသင်းများဖြစ်သည့် ဘန်စလေ၊ ကာဒစ်ဖ်၊ ဘရစ်စတိုးရိုဗာနှင့် ဝက်စ်ဘရွှမ်းအသင်းတို့ တက်ရောက်လာခဲ့ကြသည်။

အက်ဖ်အေဖလားပွဲတွင် မန်ယူက အောင်မြင်မှုတံခွန် စိုက်ထူထားနိုင်သောအသင်းဖြစ်သည်။ အက်ဖ်အေဖလားကို ၁၁ ကြိမ်တိုင်တိုင် ဆွတ်ခူးထားနိုင်သော အောင်မြင်မှုအများဆုံးရရှိထားသည့် အသင်းလည်းဖြစ်သည်။ မန်ယူကို ပယ်နယ်တီတစ်လုံးတည်းဖြင့် အနိုင်ယူပြီး အက်ဖ်အေ ဆီမီးဖိုင်နယ်သို့ တက်သွားသော ပို့စ်မောက်အသင်းသည် ပရီမီယာလိဂ်တွင် အဆင့် ၉ ၌ လောလောဆယ် ရပ်တည်နေသည့်အသင်းဖြစ်ပြီး အက်ဖ်အေဖလားကို လွန်ခဲ့သော ၆၉ နှစ် (၁၉၃၉ ခုနှစ်) က တစ်ကြိမ်သာရခဲ့ဖူးသည်ဟု ဆိုသည်။ မန်ယူတို့၏ အိမ်ကွင်းဖြစ်သည့် အိုးလ်ထရက်ဖို့ဒ်တွင် ပို့စ်မောက်က ၁၉၅၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် အိမ်ရှင်ကို အနိုင်ရရှိခြင်းပင် ဖြစ်သည်။

မန်ယူဂိုးသမား ကုဇက် အနီကတ်ဖြင့် အထုတ်ခံရ၍ (လူစားသုံးဦးလဲပြီး) ဖာဒီနန် ဝင်ဖမ်းရသည်။ အဆိုပါ ပယ်နယ်တီပြစ်ဒဏ်ကို ဖာဒီနန်ဖမ်းရာ ဂိုးဝင်သွားသည်။

မန်ယူနည်းပြကြီး ဖာဂူဆန်က ရရှိသင့်သည့် ပယ်နယ်တီမရခဲ့ခြင်းနှင့် စပ်လျဉ်း၍ ကွင်းလယ်ဒိုင်လူကြီး မာတင်အက်ကင်ဆန်အား ဒေါသတကြီး ပြစ်တင်ဝေဖန်ပြီး "ဒီပွဲရဲ့ အဆုံးအဖြတ်ကတော့ ဒိုင်လူကြီးက မန်ယူရသင့်တဲ့ ပယ်နယ်တီကို မပေးတာပဲဖြစ်တယ်"ဟု ပြောကြားသွားသည်။ ထို့ပြင် ပို့စ်မောက်အသင်းက သူတို့ဘက်မှာ ဒိုင်လူကြီးရှိတယ်လို့ အလေးအနက် ယုံကြည်နေကြကြောင်းဖြင့်လည်း ဖာဂူဆန်က Sky Sports တယ်လီဗွီးရှင်းသို့ ပြောကြားသွားသည်။

အက်ဖ်အေဖလားကို လေးကြိမ်ရဖူးပြီး လက်ရှိချန်ပီယံလည်းဖြစ်၊ ပရီမီယာလိဂ်တွင်လည်း တတိယနေရာမှာရှိနေသည့် နာမည်ကြီး ချယ်လ်ဆီးအသင်းက ဒုတိယတန်းလိဂ် ချန်ပီယံရှစ်၌ အဆင့် (၁၆) မှာသာရှိနေသော ဘန်စလေကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးလိုက်ရသည်မှာလည်း ချယ်လ်ဆီးအဖို့ အသည်းကွဲမတတ်ပင်ဖြစ်ရသည်။ ဘန်စလေအသင်းက အက်ဖ်အေဖလားကို လွန်ခဲ့သည့် ၉၆ နှစ် (၁၉၁၂-ခုနှစ်) မှာ တစ်ကြိမ်သာ ရခဲ့ဖူးကြောင်း မှတ်တမ်းအရ သိရသည်။ ချယ်လ် ဆီး၏ အားအထားရဆုံးနာမည်ကြီး ဂိုးသမားပီတာချက်ကို အနားပေးထားပြီး အရန်ဂိုးသမားကာလို ကူဒီစီနီ ဖမ်းခဲ့သည်။ ဘန်စလေ၏ တစ်လုံးတည်းသော အနိုင်ဂိုးကို နိုင်ဂျီးရီးယားလက်ရွေးစင် အိုဒီဂျာယီက ချယ်လ်ဆီးဂိုးသမားပေါ်မှကျော်ကာအမြင့်ဘောကို ခေါင်းတိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းအဖို့ ၁၉၉၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် အဆင့်နိမ့်အတန်းမှ အသင်းကို ရှုံးရခြင်းဖြစ်သည်။ ချယ်လ်ဆီးတွင် ဖရန့်လမ်းပတ်နှင့် ဒရော့ဘာတို့ ဒဏ်ရာကြောင့် မပါဝင်နိုင်ခဲ့၍လည်း အားနည်းခဲ့ရခြင်းဖြစ်သည်။

ဘန်စလေနည်းပြဆရာ ဆိုင်မွန်ဒါဗေးက "ကျွန်တော် လပေါ်ကို ရောက်နေတယ်၊ မယုံနိုင်အောင် ဖြစ်နေတယ်" ဟူ၍ ပွဲအပြီး သတင်းဌာနကို ပြောကြားခဲ့သည်။

ချယ်လ်ဆီးနည်းပြ အေဗရာဂရန့်ကမူ "ဒါဟာ အကြီးအကျယ် စိတ်ပျက်စရာပါပဲ" ဟူ၍ ကလပ်အသင်း ဝက်ဘ်ဆိုက်မှ ပြောကြားခဲ့သည်။

ပို့စ်မောက်အသင်း ပယ်နယ်တီကန်သွင်းရာ မန်ယူဂိုးသမား ဖာဒီနန် မကာကွယ်နိုင်ဘဲ ဂိုးဝင်သွားစဉ်။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၆)ရပ်ကွက် ဇေယျာခေမာလမ်းနေ ဦးချစ်ဆွေနှင့် မောင်ဝင်းမောင်တို့အား ရည်စူး၍ ဒေါ်ကြည်ကြည်ညွန့်မိသားစုက အလှူငွေကျပ် ၂၀၀၀၀၀ ကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးသန်းလွင်နှင့် ဦးဟံညွန့်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

ပြည်လုံးချမ်းသာရွှေစေတီတော်ဌာပနာများထည့်သွင်းပူဇော်မည်

ရန်ကုန် မတ် ၉

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး ကိုယ်ပွားတော် ပြည်လုံးချမ်းသာရွှေစေတီတော်မြတ် ဌာပနာရုပ်ပွားတော် ၆၇၂ ဆူ၊ သတ္တဌာနရုပ်ပွားတော်များ၊ ဓာတ်တော်မွေတော်များနှင့် ရွှေစင်ရွှေပြား၊ ကျောက်သံပတ္တမြားများ ဖြည့်စွက်ထားသည့် ပြည်တော်ဝင်အိုးစသည့် အလှူတော်အပေါင်းတို့အား မတ် ၂၁ ရက် တပေါင်းလပြည့်(သောကြာနေ့)တွင် ပူဇော်ဌာပနာမည်ဖြစ်ရာ သဒ္ဓါကြည်လင်ပါရမီရှင်အပေါင်းတို့ ကိုယ်တိုင်ကြွရောက်ပူဇော်နိုင်ကြောင်း သိရသည်။ (၃၅)

ဗုဒ္ဓပူဇနိယပွဲတော် တရားပွဲကျင်းပမည်

ရန်ကုန် မတ် ၉

အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် ဝါခင်းတောင်ကျောင်းတိုက် ဇေယျာဘုမ္မိအောင်သိဒ္ဓိ အေးစေတီတော်မြတ်ကြီး၏ (၃၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ ကြီးမှူး၍ ကျင်းပမည်ဖြစ်ရာ မတ် ၁၆ ရက် တနင်္ဂနွေနေ့ ည ၇ နာရီမှစ၍ နိုင်ငံကျော် မဟာစည်နယ်လှည့်ဓမ္မကထိက ဗဟုဇနဟိတဓရ တွံတေး အရှင်ဣန္ဒက အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်ဖြစ်ပြီး မတ် ၁၇ ရက် တနင်္လာနေ့ နံနက် ၉ နာရီတွင် စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင် ပြုလုပ်၍ ပင့်သံဃာအရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်မည်ဖြစ်ရာ အလှူရှင်များနှင့် တရားနာလိုသူများ အချိန်မီကြွရောက်ကြရန် အကျိုးတော်ဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

သန်လျင်တောရ ဝိပဿနာ ၁၀ ရက် စခန်း

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်း သန်လျင်မြို့နယ် ဗိုလ်ချုပ်ရွာ တောရကျောင်းလမ်းရှိ သန်လျင်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် (၃၁)ကြိမ်မြောက် တရားစခန်းကို ၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက်မှ တပေါင်းလကွယ်နေ့(မတ် ၂၇ ရက်မှ ဧပြီ ၅ ရက်အထိ) သန်လျင်တောရဓမ္မဝါဒီ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျောင်းတိုက် ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တဇဝနဉာဏာဘိဝံသနှင့် သန်လျင်တောရ ယင်းတော်မင်းကျောင်း ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တနိပုဏအရှင်သူမြတ်တို့က ဝိပဿနာ တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများသည် ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် ဧပြီ ၄ ရက် ညနေအရောက်ဝင်နိုင်ကြောင်း သိရှိရသည်။ (က-ပ)

မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် မတ် ၉

တစ်ဘဝသာသနာကျမ်းပြု ဆရာတော် ဦးဃောသိတ၏ တရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ရာ ဆရာတော်၏ တပည့်များ၊ တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ဧပြီ ၁၀ ရက် ညနေအရောက် လာရောက်ကြရန် နှိုးဆော်ထားပြီး ယင်းတရားစခန်းပွဲတွင် ယောဂီ ၁၅၀ သာ လက်ခံမည်ဖြစ်၍ အသေးစိတ်သိလိုပါက ဖုန်း-၀၁-၆၆၃၄၆၉ ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

စာရေးဆရာ၊ ဆရာမများ ဒုလ္လဘရဟန်းနှင့် ယောဂီဝတ်ပွဲ

ရန်ကုန် မတ် ၉

ရွှေပြည်သာမြို့ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းရိပ်သာ အမှတ်(၄)ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ ဘဒ္ဒန္တစန္ဒောဘာသ(စစ်ကိုင်းဆုလာဘ်)၏ ဓမ္မာနုဂ္ဂဟ ပစ္စယာနုဂ္ဂဟဖြင့် သတ္တမအကြိမ်မြောက် ပြည်နယ်နှင့် တိုင်းများမှ စာပေစာနယ်ဇင်းအဖွဲ့ဝင် စာရေးဆရာ၊ ဆရာမများအား ဒုလ္လဘရဟန်းခံနှင့် ယောဂီတော်အလှူပွဲ မင်္ဂလာပွဲကို ၁၃၆၉ ခု တပေါင်းလပြည့်နေ့မှ လပြည့်ကျော် ၆ရက်အထိ(မတ် ၂၁ရက်မှ ၂၇ရက် အထိ) ကျင်းပမည်ဖြစ်ရာ ဒုလ္လဘရဟန်းနှင့် ယောဂီဝတ်လိုသူများ တပေါင်းလဆန်း ၁၄ရက်(မတ် ၂၀ရက်) အရောက်လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (၂၃)

တာမွေမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့၊ စာပေဟောပြောပွဲနှင့် အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၉

တာမွေမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပ သော ၁၃၆၉ ခုနှစ် စာဆိုတော်နေ့ အခမ်းအနား၊ စာပေဟောပြောပွဲနှင့် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကို တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) မှ တွဲဖက်အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)၊ တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်မြင့်၊ တာမွေမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင် (စိုးအောင်-တိုင်းရင်းဆေးသိပ္ပံ) တို့က အမှာစကား ပြောကြားကြသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) ဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးနေလင်း(လူနေလင်း)က ဖတ်ကြားပြီး လုပ်ငန်းဆိုင်ရာ အစီရင်ခံစာကို အတွင်းရေးမှူး ဦးလှဌေး (ကိုတူး-အညာမြေ)က ဖတ်ကြားပြီးနောက် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟို အမှုဆောင် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) **(အောက်ပုံ)** က "စိတ်ထားကောင်းဖို့" ခေါင်းစဉ်ဖြင့် စာပေရေးရာများကို ဟောပြောသွားကြောင်း သတင်းရရှိသည်။

(မြို့နယ် စာပေ/စာနယ်ဇင်း)

၂၀၀၈ ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပသည့် ၂၀၀၈ ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်တို့မှ အားကစားအဖွဲ့ဝင်များက အားကစားသရုပ် ပြကြသည်။

ထို့နောက် ၂၀၀၈ ခုနှစ် နွေရာသီ အားကစား သင်တန်းများအတွက် အလှူရှင် ဒေါက်တာစိုင်းဆမ်ထွန်း (လွယ်ဟိန်းကုမ္ပဏီလီမိတက်)ကိုယ်စား ဦးကျော်ကျော်က အလှူငွေကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ဖွင့်ပွဲအခမ်းအနားတွင်ပါဝင်ကူညီသော အထက(၄) တာမွေမှ ဘင်ခရာအဖွဲ့ ခေါင်းဆောင်အား ဂုဏ်ပြုငွေကျပ်တစ်သိန်း ပေးအပ်ချီးမြှင့်သည်။

၂၀၀၈ ခုနှစ် နွေရာသီ အားကစား သင်တန်းများကို အားကစား ၂၉ မျိုးတွင် လူငယ်အားကစားဝါသနာရှင် ၅၁၈၇ဦး တက်ရောက်ကြပြီး တိုင်းနှင့်ပြည်နယ်၊ မြို့နယ်အသီးသီးတွင်လည်း ဖွင့်လှစ်လျက်ရှိသည်။

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသော ၂၀၀၈ ခုနှစ် (၃၄)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲနှင့် (၁၀)ကြိမ်မြောက် အမျိုးသမီး တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ကျင်းပရာ တာဝန်ရှိသူများက အမျိုးသမီးပြိုင်ပွဲတွင် အထူးဆု(၁) ရရှိသူ စမ်းလဲ့ဝေနှင့် အထူးဆု(၂) ရရှိသူ လင်းထက်ထက်ဦး၊ ပထမဆုရရှိသော နေဆုလွင်၊ ဒုတိယဆုရရှိသော မေဆက်လွင်နှင့် တတိယဆုရရှိသော နန်းအမ်ကေခိုင်လျှမ်း၊ အမျိုးသားပြိုင်ပွဲတွင် နှစ်သိမ့်ဆု(၁) ရရှိသော မျိုးနိုင်နှင့် နှစ်သိမ့်ဆု(၂) ရရှိသော စည်သူ၊ ပထမဆုရရှိသော အောင်မျိုးလှိုင်၊ ဒုတိယဆုရရှိသော ဝင်းဇော်ထွန်းနှင့် တတိယဆုရရှိသော ဇော်ဝင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသော မေဆုလွင်နှင့် အမျိုးသားပြိုင်ပွဲတွင် ပထမရရှိသော အောင်မျိုးလှိုင်တို့အား တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးသည် ညနေ ၃ နာရီတွင် သိမ်ဖြူလမ်းရှိ နိုင်ငံတကာအဆင့်မီ မြက်ခင်းတု ဟော်ကီကွင်း၌ ကျင်းပသော ၂၀၀၈ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသားပတ်လည် အမှတ်ပေး ဟော်ကီပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော် လှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုကြပြီး ကွင်းအတွင်းမှပြန်လည်ထွက်ခွာသွားသည်။

ထို့နောက် ဖွင့်ပွဲ ပွဲဦးထွက်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် တပ်မတော် ဟော်ကီကော်မတီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဟော်ကီဘောလုံးကို ရိုက်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၈ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်းတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း (လွယ်ဟိန်းကုမ္ပဏီ)က လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀ ကို ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်က ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ဆင္ဍအကြိမ် ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင်အဖွဲ့ (ပထမ) နှစ်ပတ်လည် အစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၉

ဆဋ္ဌအကြိမ် ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင်အဖွဲ့ (ပထမ) နှစ်ပတ်လည် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင်းအတွင်းရှိ မင်္ဂလာဈေးမွှာရုံ၌ ကျင်းပရာ သဘာပတိအဖြစ် တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုမုဒ္ဒိဗလက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တိုင်းသံဃနာယကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဝါယမိန္ဒကိုယ်စား တိုင်းသံဃ နာယကအဖွဲ့ဝင် ဘဒ္ဒန္တနရိန္ဒနှင့် သဘာပတိ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုမုဒ္ဒိဗလတို့က ဩဝါဒကထာ မြွက်ကြားတော်မူကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံပြီး ဘဒ္ဒန္တ ကုမုဒ္ဒိဗလထံမှ ပရိသတ်များက ရေစက်ချတရား နာကြားကြသည်။

ဆက်လက်၍ သာသနာရေးရာဆောင်ရွက်ချက် အစီရင်ခံစာကို တိုင်းသံဃနာယကအဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ရဇာလင်္ကာရ ကလည်းကောင်း၊ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက် အစီရင်ခံစာကို တိုင်းသံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တ အာဒိစ္စဝံသကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက် အစီရင်ခံစာကို တိုင်းသံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တ သုမနကလည်းကောင်း ဖတ်ကြားလျှောက်ထားကြပြီး သဘာပတိ ဆရာတော် ဘဒ္ဒန္တ ကုမုဒ္ဒိဗလက နိဂမနကထာ မြွက်ကြားတော်မူကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သန့်လေးသန့် ပညာပေး သီချင်းပြိုင်ပွဲ ဆုပေးပွဲတွင် ဗဟိုကျန်းမာရေး ပညာဌာန ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ဓာတ်ပုံ-မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)

သန့်လေးသန့် ပညာပေးသီချင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် မတ် ၉

ရေသန့်၊ အစာသန့်၊ လက်သန့်၊ အိမ်သာသန့်ဟူသော သန့်လေးသန့်ကို အခြေပြု၍ အသက် ငါးနှစ်မှ ကိုးနှစ်အရွယ် ကလေးငယ်များကို အခြေခံကျန်းမာရေးနှင့် ညီညွတ်သော အမူအကျင့်များရရှိစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး သန့်လေးသန့်စီမံချက်မှ ပညာပေး သီချင်းပြိုင်ပွဲအတွက် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဗဟိုကျန်းမာရေးပညာဌာန ညွှန်ကြားရေးမှူး ဒေါက်တာ ခင်မောင်လွင်နှင့် မြန်မာနိုင်ငံ UNICEF ဒုတိယဌာနေကိုယ်စားလှယ် Ms. Rosella Morelli တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အသက်ငါးနှစ်မှ ကိုးနှစ်အရွယ် ကလေးငယ်များအတွက် အကောင်းဆုံး ပညာပေး တေးသီချင်းစာသား သီကုံးရေးသားသည့် အစာသန့်၊ ရေသန့်၊ လက်သန့်နှင့် အိမ်သာသန့်အတွက် တေးရေးဆရာ သုံးဦးစီတို့ကို တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်သည်။ ယင်းနောက် တာဝန်ရှိသူများက အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး သန့်လေးသန့်စီမံချက်အတိုင်ပင်ခံ ဒေါ်ဆွေဇင်ထိုက်က ပြိုင်ပွဲအောင်မြင်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည့် အသင်းအဖွဲ့နှင့် လူပုဂ္ဂိုလ်များကို ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၃-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅	၇။	နတ်သားတောရေလှောင်တမံ
၈း၂၀	၈။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Grammar Made Easy.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	Practice In Reading.
၄း၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရသစာပေအထူးပြု) (ရသစာပေအရေးအသား)
၄း၅၅	၅။	အကပဒေသာ
၅း၁၀	၆။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄ခုနှစ်)
၅း၂၀	၇။	မြန်မာစာ၊ မြန်မာစကား
၅း၃၅	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅း၄၀	၉။	**"ချစ်လွန်းလို့" (ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ကြည်စိုး)**
၅း၄၅	၁၀။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၃၀	၁၂။	မိုးလေဝသအခြေအနေ
၆း၃၅	၁၃။	အလှရှာမယ်လှကမ္ဘာဝယ်
၆း၅၀	၁၄။	တေးဂီတအစီအစဉ်
၇း၀၅	၁၅။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇း၁၅	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တယ်....ချစ်တယ်" (အပိုင်း-၆)**
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာမျှဉ်းပြိုင်"(အပိုင်း-၁၀)**
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် မတ် ၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဝင်းနှင့်အဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သဃ်န်းကျွန်းယာဉ်ထိန်းတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးကြိုတင်ကာကွယ်မှုအနေဖြင့် မတ် ၄ ရက်က တောင်ဥက္ကလာဂေါက်ကွင်းအနီး သံသုမာလမ်းပေါ်တွင် ယာဉ်နှင့်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင် ရှိ/မရှိ၊ ယာဉ်ကြွခိုင်မှု ရှိ/မရှိ၊ သက်တမ်းကျော်လွန်မှု ရှိ/မရှိ တို့ကို ကြီးကြပ်စစ်ဆေးပြီး ယာဉ်မဆင်မခြင်မောင်းနှင်ခြင်း မပြုရေး၊ မူးယစ်သောက်စားပြီး မောင်းနှင်ခြင်းမပြုရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ စနစ်တကျသတိပြုမောင်းနှင်ကြရေး ပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

ရွှေပြည်သာမြို့နယ် စာပေနှင့် စာနယ်ဇင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၉

ရွှေပြည်သာမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို မတ် ၁ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(ဝဲပုံ)**

ဖွဲ့စည်း

ယင်းအစည်းအဝေးတွင် လစ်လပ်လျက်ရှိသော မြို့နယ်အလုပ်အမှုဆောင် နေရာများကို ရွေးချယ်ကြရာ ဦးတင်အောင်စိုး (နေလှိုင်မင်း) ဥက္ကဋ္ဌ၊ ဦးသိန်းတိုး (အောင်သာကျော်) ဒု-ဥက္ကဋ္ဌ၊ ဦးစိုးသိန်း (စိုးသိန်းစိုး-ဘဏ်)၊ အတွင်းရေးမှူး ဦးအောင်နိုင် (မောင်ထယ်ဝါ-ပျော်ဘွယ်)၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ယဉ်ယဉ်ဆွေ (မရည်မွန်-ကျုံပျော်)၊ ဘဏ္ဍာရေးမှူး ဦးဆန်းထွန်း (စိုးမြင့်လွင်-ရွှေဘို)၊ အမှုဆောင် ဦးသိန်းချစ်(ခန့်ဇော်)တို့ ပါဝင်သည့် မြို့နယ် အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

(စာပေ/စာနယ်ဇင်း)

❒ ကျောဖုံးမှ

ယနေ့စိန်ခေါ်ပွဲအဖြစ်(၁၀)ပွဲကျင်းပပြီး ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ လုံးချော နှင့် ၂၀၀၅ မြန်မာပြည်ချန်ပီယံ ရွှေဆိုင်းတို့လေးကြိမ်မြောက် တွေ့ဆုံကြရာ လေးကြိမ်စလုံး အရှုံးအနိုင်မပေါ်ဘဲ သရေပွဲဖြစ်သွားသည်။ စစ်သွေးနှင့် ဒေါ်ဂျစ်တို့ ပွဲမှာ သရေကျခဲ့သော်လည်း ပရိသတ်အကြိုက်ထိုးသတ်သွားခဲ့သည်။

(၄)ချီစိန်ခေါ်ပွဲ ပထမပွဲစဉ်အဖြစ် ကျော်ခေါက်(ဒေါင်းမြန်မာ)နှင့် ပအိုဝ်းလေး (အလင်းရောင်)တို့ ယှဉ်ပြိုင်ကြရာ ကျော်ခေါက်က ဒုတိယအချီ ၂မိနစ် ၁၇စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ ပထမအချီစထွက်ကတည်းက နှစ်ဦးစလုံး လက်ဇွေ့ပညာစုံသုံး၍ ယှဉ်ပြိုင်ခဲ့ကြသည်။ ဒုတိယအချီ ၁ မိနစ် ၃၁စက္ကန့်တွင် ကျော်ခေါက်၏ ခေါင်းတိုက်ချက်မိသွားပြီး ပအိုဝ်းလေး အနားတောင်းခဲ့ရသည်။ အနားတောင်းပြီးပြန်အစ ၄၆စက္ကန့်အကြာတွင် ကျော်ခေါက်က ခေါင်းတိုက်ချက်ဖြင့်ပင် ပွဲသိမ်းအနိုင်ရသွားသည်။ ဒုတိယပွဲစဉ်အဖြစ် အောင်သူရ(ဒေါင်းမြန်မာ) နှင့် ဖိုးခွားလေး(ရွှေလက်ရာ)တို့ ယှဉ်ပြိုင်ကြသည်။ အောင်သူရက လက်ရည်အသာဖြင့် ဖိထိုးနိုင်ခဲ့ပြီး တွဲလုံးလက်သီးများမှာ ဖိုးခွားလေးမျက်နှာကို တစ်ချက်ပြီး တစ်ချက်ထိမှန်ခဲ့ရာ ပထမအချီ ၂မိနစ်တွင် အနားတောင်းခဲ့ရသည်။ ဒုတိယအချီတွင်လည်း အောင်သူရက ပွဲသိမ်းနိုင်ရန် ကြိုးစားလာရာ ၂မိနစ် ၄စက္ကန့်တွင် ဒူးတိုက်ချက်ဖြင့် ဖိုးခွားလေးကို ပွဲသိမ်းအနိုင်ယူသွားသည်။

စစ်သွေး(ဘိလပ်မြေစက်ရုံ)က ဒေါ်ဂျစ်(လယ်/ဆည်)ကို နှစ်ဆင့်ခြေကန်ချက်ဖြင့် ဤသို့လေတွင်ဝဲ၍ ခုန်ကန်ခဲ့သည်။ (ကြေးမုံ)

ဒေါန(ရွှေလက်ရာ)နှင့် မိုက်သဲလေး(ဒေါင်းမြန်မာ)တို့ပွဲတွင် မိုက်သဲလေးက တတိယအချီ ၁မိနစ် ၂၂စက္ကန့်တွင်အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ ဘတစ်ပြန်၊ ကျားတစ်ပြန်ဖြင့် ရေကုန်ရေခန်းထိုးသတ်ကြ၍ ပရိသတ်အကြိုက်တွေ့ခဲ့ကြသည်။ တတိယအချီတွင် မိုက်သဲလေး အသာစီးမှ ထိုးသတ်လာရာဒေါနအထိနာလာသည်။ ၁မိနစ် ၂၂စက္ကန့်တွင် မိုက်သဲလေး၏ ထိုးသတ်ချက်များကြောင့် ဒေါနအနားတောင်းလိုက်ရပြီး ဆက်လက်မယှဉ်ပြိုင်နိုင်ဟုဆိုကာ အရှုံးပေးလိုက်၍ မိုက်သဲလေးအနိုင်ရရှိသွားသည်။

စောဇော်မင်း(ရွှေလက်ရာ)နှင့် ဖိုးလုံး(မြန်မာပြည်သား)တို့ပွဲမှာ လက်ရည်မျှမည်ဟုထင်ရသော်လည်း တကယ်တမ်းယှဉ်သည့်အခါတွင် ဖိုးလုံးက ပညာအရရော ထိုးပုံထိုးနည်းအရပါ အသာစီးမှထိုးသတ်သွားနိုင်ခဲ့သည်။ ဒုတိယအချီတွင် ဖိုးလုံး၏ ထိုးချက်များကြောင့် စောဇော်မင်းနှာခေါင်းမှသွေးများကျလာပြီး ၁မိနစ် ၄၆စက္ကန့်တွင် ဖိုးလုံးက အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

အထူး(၅)ချီစိန်ခေါ်ပွဲ ပထမပွဲစဉ်အဖြစ် သိန်းဈာန်(ရက္ခဗျာလ)နှင့် ဂျိုးမတေ (သူရဲကောင်း)တို့ယှဉ်ပြိုင်ကြသည်။ အသည်းမာမာဖွဲ့ပါပါဖြင့် ယှဉ်ပြိုင် ထိုးသတ်ကြရာ ပရိသတ်များ လက်ခုပ်သြဘာမစဲဖြစ်ခဲ့သည်။ နှစ်ဦးစလုံးအားမာန်အပြည့်ဖြင့် ရင်ဆိုင်ကြရာ အရှိန်လွန်၍ ကြိုးဝိုင်းအပြင်သို့ မကြာခဏထွက်ကျနေပြီး ပထမအချီအစတွင် ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသည်အထိပင် ဖြစ်ခဲ့ရသည်။ သိန်းဈာန်ရော ဂျိုးမတေပါ လက်သီးချင်းအတွေ့၊ ခြေချင်းအဆိုင်ဖြင့် ရင်ဆိုင်တွေ့ကြရာ နှစ်ဦးစလုံးအတော်ပင်အထိနာကြသည်။ ဖွင့်ထိုးဆိုင်ထိုးကြ၍ စတုတ္ထအချီတွင် နှစ်ဦးစလုံးအားကုန်လာပြီး ထိချက်များမှန်အောင်ပင် မထိုးနိုင်ကြ။ စတုတ္ထအချီ အစတွင်လည်း သိန်းဈာန်ခေါင်းဖြင့်ပြေးဆောင့်ရာ အရှိန်လွန်ပြီး ကြမ်းပြင်ပေါ်သို့ ထပ်မံပြုတ်ကျခဲ့သည်။ ပဉ္စမနောက်ဆုံးအချီတွင် သိန်းဈာန်က ဒူးတိုက်ချက်များဖြင့် ပွဲသိမ်းရန်ကြိုးစားလာရာ ၁မိနစ် စက္ကန့်၄၀တွင် ဂျိုးမတေ လေးကြိမ်မြောက် အမှတ်စဉ်ရေတွက်ခံ၍ သိန်းဈာန်အနိုင်ရသွားသည်။

မိုးသီး(မြန်မာပြည်သား)နှင့် သိန်းညီညီ(အလင်းရောင်)တို့ပွဲမှာ ဘေးကကြည့်သည့် ပရိသတ်များပင် သွေးကြွစေသည့် ပွဲမျိုးပင်ဖြစ်သည်။ ငယ်ဂုဏ်ရှိသည့် လူငယ်လက်တက် သိန်းညီညီက အကောင်သေးသော်လည်း ပညာ၊သမ္မာစုံသည့် မိုးသီးကို ရဲရဲတင်းတင်းပင်ထိုးသတ်သွားခဲ့သည်။ ငါးချီပြည့်သည်အထိ အနိုင်အရှုံးပေါ်အောင် မထိုးနိုင်၍ အလူးအလဲဖြင့် ပူးတွဲသရေကျသွားသည်။ ရှမဝ(ဒေါင်းမြန်မာ)နှင့် ဝမ်ရှီ(ဘိလပ်မြေစက်ရုံ)တို့ပွဲမှာ နှစ်ဦးစလုံးလက်သီးနှင့် ခြေကန်ချက်သိပ်မတွေ့ရဘဲ ချုပ်သိုင်းပြီး ခေါင်းချင်းသာဆောင့်တိုက်နေကြ၍ ပရိသတ်တို့အားမလိုအားမရဖြစ်ခဲ့ရသည်။ ခေါင်းချင်းယှဉ်တိုက်ကြ၍ နှစ်ဦးစလုံးမျက်နှာ၌ ကွဲပြဲကြသော်လည်း အရှုံးအနိုင်မပေါ်၍ သရေဖြင့် အဆုံးသတ်သွားသည်။ စောဂပရေမှူး(တွံတေး)နှင့် ကြယ်တစ်ပွင့်(မြန်မာပြည်သား)တို့ပွဲတွင် စောဂပရေမှူးက တတိယအချီ ၂မိနစ် ၁၁စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ အားမာန်အပြည့်ဖြင့် ယှဉ်ပြိုင်ထိုးသတ်သွား၍ ပွဲမှာအကြိတ်အနယ်ရှိပြီး စောဂပရေမှူးက ဒူးတိုက်ချက်ဖြင့် ပွဲသိမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၀၄ခုနှစ် CITY FMအောင်လံပွဲတွင် အကောင်းဆုံးလက်ဝှေ့အားကစားသမားဆုရရှိခဲ့ပြီး ၂၀၀၇ခုနှစ် ရွှေခါးပတ်ချန်ပီယံတစ်ဦးဖြစ်သည့် စစ်သွေး (ဘိလပ်မြေစက်ရုံ)နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင်ဒေါ်ဂျစ်(လယ်/ဆည်)တို့၏ ပွဲစဉ်မှာ ပရိသတ်အကြိုက်တွေ့ခဲ့ရသောပွဲဖြစ်သည်။ (၂၄)ကြိမ်မြောက် အရေ့တောင်အာရှပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စစ်သွေးက ဒေါ်ဂျစ်ကို လက်ရည်အသာဖြင့် ထိုးသတ်နိုင်ခဲ့ရာ ဒေါ်ဂျစ်အထိနာခဲ့ရသည်။

ပထမအချီစစချင်း နှစ်ဦးစလုံးခြေဖြင့်အကဲစမ်းကြသည်။ စစ်သွေးက ခြေဖြင့်အကဲစမ်းနေရာမှ ပတ်တံတောင်ဖြင့် အမှတ်မထင်ရိုက်လိုက်ရာ ဒေါ်ဂျစ်အငိုက်မိ၍ မျက်နှာထိသွားသည်။ စစ်သွေးက ခြေထောက်၊ လက်သီး၊ ဒူး၊ တံတောင် ပညာစုံသုံး၍ ထိုးသတ်သော်လည်း ဒေါ်ဂျစ်ကအခွင့်ကောင်းစောင့်၍ ထိုးသတ်သည်။

ဒုတိယအချီတွင် လက်သီးအပြိုင် ပစ်သွင်းကြသည်။ လုံးထွေးကြရင်းမှ စစ်သွေးက ဒူးဖြင့်ဆောင့်တိုက်လိုက်ရာ ဒေါ်ဂျစ်မျက်နှာကွဲသွားသည်။ တတိယအချီတွင် ဒေါ်ဂျစ်က အတင်းလိုက်ထိုးလာရာ စစ်သွေးကပါးနပ်စွာ ရှောင်တိမ်းပြီး ထောက်လက်သီးပစ်သွင်းသည်။ စစ်သွေးက ပညာစုံသုံး၍ ထိုးကွက်လှလှပပဖြင့် ရင်ဆိုင်ထိုးသတ်သွားရာ ပရိသတ်တို့လက်ခုပ် သြဘာမစဲ အားပေးခဲ့ကြသည်။ စတုတ္ထအချီနှင့် ပဉ္စမအချီတို့တွင်လည်း စစ်သွေး၏ ပတ်တံတောင်များ၊ ခြေကန်ချက်များက ချက်ကောင်းထိခဲ့သည်။ ဒေါ်ဂျစ်က စစ်သွေး၏ခြေကန်ချက်ကို လက်ဖြင့်ဖမ်းပြီးတားရာ စစ်သွေးက ကျန်ခြေတစ်ဖက်ဖြင့်ခုန်ပြီးကန်ရာ ဒေါ်ဂျစ်အထိနာခဲ့ပြီး မျက်ခုံးကွဲသွားသည်။ သို့သော်အရှုံးအနိုင်မပေါ်၍ အလဲအကွဲဖြင့် သရေပွဲဖြစ်သွားသည်။

ယနေ့စိန်ခေါ်ပွဲ၏ နောက်ဆုံးပွဲစဉ်အဖြစ် ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ လုံးချော (ညောင်တုန်း)နှင့် ၂၀၀၅ မြန်မာပြည်ချန်ပီယံ ရွှေဆိုင်း(မြိုင်ကြီးငူ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြသည်။ ရန်ကုန်ရိုးရာလက်ဝှေ့လောကသို့ တစ်ကျော့ပြန် ပြန်လည်ခြေချလာသည့် ရွှေဆိုင်းနှင့် ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ လုံးချောတို့ တွေ့ဆုံသော ပွဲဖြစ်သောကြောင့် ပရိသတ်အားပေးမှုအထူးများပြားခဲ့ပြီး ကြိုးဝိုင်းထဲမဝင်ခင်ကတည်းကပင် ပရိသတ်တို့က လက်ခုပ်သံဖြင့် တစ်ခဲနက်ကြိုဆိုခဲ့ကြသည်။ လုံးချောနှင့်ရွှေဆိုင်းတို့မှာလည်း အရှုံးအနိုင်ပေါ်ရန်အတွက် ပွဲစကတည်းက မရှောင်စတမ်းယှဉ်ပြိုင်ကြသည်။ ရွှေဆိုင်းကတွဲလုံးလက်သီးများဖြင့် တရစပ်ပစ်သွင်းရာ လုံးချောမျက်နှာကို သုံးလေးလုံးလောက်ထိမှန်သွားသည်။ ဒုတိယအချီတွင် လုံးချောအတင်းလိုက်ဖိထိုးလာသည်။ ခြေကန်ချက်ကိုအများဆုံး အသုံးပြု၍ ရင်ဆိုင်သလို ရွှေဆိုင်းကမူလက်သီးချက်များဖြင့် တုံ့ပြန်သည်။ တတိယအချီနှင့်စတုတ္ထအချီတို့တွင် နှစ်ဦးစလုံး အထိနာလာကြသည်။ သရေပွဲများနေသည့် လုံးချောက အလဲထိုးနိုင်ရန် ကြိုးစားထိုးသတ်ရာ ကြိုးဝိုင်းအပြင်သို့ မကြာခဏ ပြုတ်ကျနေကြသည်။ ပဉ္စမအချီတွင် ရွှေဆိုင်းလက်ရည် အနည်းငယ်ကျလာ၍ လုံးချောဖိထိုးလာရာ ရွှေဆိုင်းကြမ်းပြင်နှင့်မကြာခဏ မိတ်ဆက်ခဲ့ရသော်လည်း အလဲထိုးမခံခဲ့ရပေ။ လုံးချောနှင့်ရွှေဆိုင်းတို့ လက်သီးချင်းပြိုင် ခြေချင်းဆိုင်၊ သတ္တိချင်းပြိုင်သည့်ကြားမှပင် သရေပွဲဖြင့်အဆုံးသတ်သွားသည်။

ပွဲအပြီးတွင် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က သရေကျသွားသော လုံးချောနှင့် ရွှေဆိုင်းကို အောင်လံနှင့် ငွေကျပ် ငါးသောင်းစီပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

ဖျာပုံ အထက(၃) အာစရိယပူဇော်ပွဲ

ဖျာပုံ မတ် ၅

ဖျာပုံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၅ရက် ညနေ၃နာရီတွင် ဖျာပုံမြို့ အထက(၃) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများကို ဖျာပုံမြို့၌ အထက(၃) ကျောင်းအုပ်ဆရာကြီး ဦးကြည်တင် ဖုန်း ၀၄၅-၄၀၃၆၁၊ ဒေါ်စန်းယဉ် (ရွှေခြသေ့်သက်န်းတိုက်)ဖုန်း-၀၄၅-၄၀၇၀၇၊ ဒေါ်မြင့်မြင့်သန်းကြီး ဖုန်း-၀၄၅-၄၀၂၃၂၊ ဒေါ်မူမူရွှေ ဖုန်း-၀၄၅-၄၀၀၁၈၊ ဒေါ်သန်းသန်းဝင်း(သန်းသန်းထမင်းဆိုင်)၊ ဦးဟိန်းဇေလင်း(ပီစီကွန်ပျူတာဆိုင်) ဖုန်း-၀၄၅-၄၀၆၆၂ တို့နှင့် ရန်ကုန်မြို့၌ ဒေါက်တာရီရီမြ ဖုန်း-၅၇၂၁၄၇၊ နော်ကစ်တီ ဖုန်း-၃၈၄၄၃၂၊ ဒေါ်စန်းစန်းမော် ဖုန်း-၅၁၁၈၄၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၆၈)

နေပြည်တော်လယ်ဝေး၌ မီးလောင်မှုဖြစ်ပွား အိမ်ခြေ ၃၂၅လုံး မီးလောင်ဆုံးရှုံး

နေပြည်တော် မတ် ၉

နေပြည်တော် လယ်ဝေး အမှတ်(၅)ရပ်ကွက် မြို့မဈေးအနီးရှိ ဒေါ်ခင်ညို၏နေအိမ်မှတစ်ဆင့် မတ် ၉ရက် မွန်းလွဲ ၁နာရီ ၅၅မိနစ်ခန့်တွင် မီးလောင်မှုစတင်ဖြစ်ပွားခဲ့သည်။

မီးလောင်မှု ဖြစ်ပွားလျှင်ဖြစ်ပွားချင်း မီးလောင်မှုဖြစ်ပွားရာနေရာသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် တာဝန်ရှိသူများရောက်ရှိပြီး နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော်တပ်ကုန်းမြို့နယ်တို့ရှိ မီးသတ်ကားများ၊ ဆွာမြို့၊ မြို့လှနှင့် သာဂရမြို့တို့မှ မီးသတ်ကားများစုစုပေါင်း မီးသတ်ကား ၂၀တို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြရာ ညနေ ၃နာရီ ၄၅မိနစ်တွင် မီးညွန့်ကျိုးသွားခဲ့ကာ ညနေ ၄နာရီ မိနစ် ၂၀တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေပြည်တော်လယ်ဝေး အမှတ်(၅)၊ အမှတ်(၆)နှင့် အင်ပုရပ်ကွက်တို့မှ နေအိမ် ၃၂၅လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ မီးဘေးသင့်သူများအား နေပြည်တော်လယ်ဝေး အမှတ်(၃)ရပ်ကွက် သာသနာ့ဗိမာန်နှင့် အမှတ်(၆)ရပ်ကွက် အင်ပုမူလတန်းကျောင်းတို့၌ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ လိုအပ်သည်များဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒဏ်ရာရလူနာနှစ်ဦးအား နေပြည်တော်လယ်ဝေးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှုခင်းသတင်းများ

အရွယ်မရောက်သေးသူ မိန်းကလေးအား အဓမ္မပြုကျင့်ရန် ကြံရွယ်သူကို အမှုဖွင့်အရေးယူ

ရန်ကုန် မတ် ၉

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၄)ရပ်ကွက်အတွင်းနေထိုင်သူတစ်ဦးသည် မတ် ၈ ရက် နံနက် ၁၁နာရီခွဲခန့်က နေအိမ်သို့ပြန်ရောက်စဉ် အိမ်ရှေ့တံခါးမှာ ဂျက်ထိုးပိတ်ထားပြီး နောက်ဖေးတံခါးမှ ယောကျာ်းတစ်ဦး ဆင်းပြေးသွားသည်ကို တွေ့ရှိရသည်။ အိမ်အတွင်း၌ နီးဦးထုပ်တစ်လုံး၊ ဖိနပ်အဝါတစ်ရန်တို့ ကျန်ရစ်သည်ကိုတွေ့ရှိရသဖြင့် အသက်(၁၃)နှစ်အရွယ်ညီမဖြစ်သူကို မေးမြန်းရာ ညီမဖြစ်သူက ၎င်းရေချိုးပြီး၍ နေအိမ်ခန်းအတွင်း အဝတ်အစားလဲနေစဉ် ယခင်က ခင်မင်ရင်းနှီးခဲ့သူ ဦးမျိုးလှိုင် (၆၄)နှစ် ရွှေယင်းမာလမ်း (၂၄)ရပ်ကွက်နေသူရောက်ရှိလာပြီးမုန့်ဖိုးကျပ် ၂၀၀ ပေး၍ မဖွယ်မရာပွေ့ဖက်ပြုလုပ်ကာ အဓမ္မပြုကျင့်ရန်အားထုတ်နေစဉ် အစ်ကိုဖြစ်သူ နေအိမ်သို့ ပြန်လည်ရောက်ရှိလာသံကြားသဖြင့် ဦးမျိုးလှိုင်မှာ နေအိမ်မှ ဆင်းပြေးသွားခြင်းဖြစ်ကြောင်းသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မိန်းကလေး၏မိခင်ဖြစ်သူက မတ် ၉ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားရာ ရဲစခန်းက (ပ)သတင်းချက်အမှတ် ၂၉၄/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယာဉ်ကြောပိတ်ဆို့ပြီး ခရီးသည်တင်ချနေသူ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့က ဝန်ထမ်းကြိုပို့ယာဉ်မောင်းကို ဝိုင်းရိုက်

ရန်ကုန် မတ် ၉

အမှတ်(၁) ကြွေရည်သုတ်စက်ရုံမှ ယာဉ်မောင်း ဦးစိုးယုလွင်(၄၈)နှစ်သည် တီအီး-၂၁ အမျိုးအစား ကြိုပို့ယာဉ်ကို မတ် ၈ ရက် နံနက် ၉ နာရီခန့်က အင်းစိန်လမ်းအတိုင်းမောင်းလာစဉ် သမိုင်းလမ်းဆုံအရောက်၌ လမ်းပေါ်တွင် ယာဉ်ကြောပိတ်ဆို့ရပ်တန့်၍ ခရီးသည်အတင်အချပြုလုပ်နေသော အမှတ်(၉၇)ခရီးသည်တင် မော်တော်ယာဉ်လိုင်းမှ ဒိုင်နာအမျိုးအစားအဖြူရောင်(ယာဉ်အမှတ် ၁က/၇၄၂၂)မှ ယာဉ်မောင်းနှင့် စကားများခဲ့ပြီး ဆက်လက်မောင်းနှင်လာခဲ့ရာ လှိုင်မြို့နယ်(၁၂)ရပ်ကွက် အင်းစိန်လမ်းရှိ သားရေစက်ရုံရှေ့အရောက်၌ နောက်မှလိုက်ပါလာသည့် ဒိုင်နာယာဉ်သည် တီအီးယာဉ်၏ရှေ့မှ ပိတ်ဆို့ရပ်တန့်၍ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့က ဦးစိုးယုလွင်အား သံတုတ်များနှင့် ရိုက်နှက်ဆဲဆိုကာ ၎င်းတို့၏ယာဉ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့ကြသည်။ ဦးစိုးယုလွင်၏ နဖူးယာဘက်နှင့် ဝဲဘက်လက်ဖျံတို့တွင် ဖူးရောင်ပေါက်ပြဲဒဏ်ရာများရရှိခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ အမှတ်(၁) ကြွေရည်သုတ်စက်ရုံမှ တာဝန်ရှိသူများက တိုင်တန်းခဲ့သဖြင့် လှိုင်မြို့နယ်ရဲစခန်းက (ပ)သတင်းချက်အမှတ် ၁၀၃/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄/၃၂၅/၃၅၃ အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့က ကြီးမှူးဖွင့်လှစ်သော အသွင်သစ်ဖြင့် ဆက်ဆံရေးသင်တန်း အမှတ်စဉ် ၁/၂၀၀၈ကို အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ဖွင့်လှစ်ရာ အင်းစိန်မြို့နယ်သတင်းထောက် ဦးစိုးဝင်း (စဋ္ဌကူစိုးဝင်း) ဖေဖော်ဝါရီ ၂၃ ရက်က ပို့ချစဉ်။ (၆၁)

ပြည်မြို့၊ ဝါးရုံဆိပ်ကျေးရွာတွင် မီးလောင်မှုဖြစ်ပွားပြီး လူတစ်ဦးသေဆုံး

ရန်ကုန် မတ် ၉

ပြည်မြို့နယ်၊ ဝါးရုံဆိပ်ရွာတွင် မတ် ၆ရက် မွန်းလွဲ ၂နာရီ ၄၅မိနစ်က ကိုပု (၃၅)နှစ် (ဘ) ဦးကုလား၏ နေအိမ် မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းခဲ့ရာ နေအိမ်အလုံး၃၀သို့ မီးကူးစက်လောင်ကျွမ်းခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် ညနေ၃နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် နေအိမ် ၃၁လုံးဆုံးရှုံးခဲ့ပြီး ကျန်းမာရေးမကောင်းသည့် ဦးထွန်းမောင်(၆၀)နှစ် မီးလောင်သေဆုံးခဲ့သည်။ မီးလောင်မှုကြောင့်အိမ်ထောင်စု၃၁စုတို့မှ လူပေါင်း ၁၄၅ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။ ကိုပုအား ဝက်ထီးကန်ရဲစခန်းမှ (ပ)သတင်းချက်အမှတ် ၄၇/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅/၃၀၄-ကအရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဈေးကွက်စီးပွားရေးနှင့် အလှမွေးငါး

သတင်းနှင့်ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

အလှမွေးငါးဈေးကွက် ပိုမိုတိုးချဲ့နိုင်ရေးအတွက် နေရာအနှံ့ ပြန့်ကျဲနေသော အလှမွေးငါးအရောင်းဆိုင်များအား တစ်နေရာတည်း စုပေါင်း၍ လက်ကားဈေးကွက်ဖော်ဆောင်ရောင်းဝယ်ခြင်းကို မတ် ၇ရက် သောကြာနေ့ နံနက်က ရန်ကုန်မြို့ရှိ ကန်တော်ကြီး ရေချိုငါးဥယျာဉ် ပတ်လမ်းတွင် ကျင်းပသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ညီနောင်အသင်းဖြစ်သည့် အလှမွေး ငါးလုပ်ငန်းရှင်များအသင်းက ဦးဆောင်ပြုလုပ်ခြင်း ဖြစ်သည်။



ရွှေငါး (Gold Fish)

သောကြာနေ့တိုင်း နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ရောင်းချသွားမည် ဖြစ်သည်။ အသင်းမှ တာဝန်ရှိသူတစ်ဦး ပြောပြချက်အရ လက်ကားဈေးကွက်တွင် ဆိုင်ဖွင့်ရောင်းချလိုသူများ အနေဖြင့် အသင်းဝင်ဖြစ်ရမည့်အပြင် အလှမွေးငါးမွေးမြူရောင်းချခွင့်လိုင်စင်ရှိထားသူ ဖြစ်ရမည်။ ရောင်းချသူများအတွက် လိုအပ်သည့်ရေနှင့် အောက်ဆီဂျင်ကိုလည်း အသင်းမှ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပထမအစ သောကြာနေ့အဖွင့်တွင် ဆိုင်ပေါင်း ၂၀ဖြင့် စတင်ဖွင့်လှစ်ရောင်းချနိုင်ခဲ့ပြီး မိုးငါး၊ ဖန်စီငါး၊ ပူစီကတ်ပေါက်၊ စာတန်းငါး၊ ငါးကြင်းရောင်စုံ၊ ဒေါင်းငါး၊ ဒီစကတ်အလှမွေးငါးများ ရောင်းချနေသည်ကိုတွေ့ရသည်။ ဝယ်သူများအနေဖြင့်လည်း မိမိနှစ်သက်ရာ ငါးများကို အသင့်ထည့်ပြီးပလတ်စတစ်အိတ်များဖြင့် စိတ်ကြိုက်ဝယ်ယူနေသည်ကို တွေ့မြင်ရသည်။ လက်ရှိရန်ကုန်ဈေးကွက်မှသည် တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချပေးနိုင်ရန်လည်း ရည်ရွယ်ထားကြောင်း အသင်းဝင်တစ်ဦးထံမှ ထပ်မံသိခဲ့ရသည်။

အလှမွေးငါး အရောင်းဆိုင်များမှ ဆိုင်ခန်းတစ်ခုတွင် ရောင်စုံပန်းပွင့်အိုးလေးများနှင့် ငါးပန်းချီကားများ ရောင်းချနေသည်ကို ထူးခြားစွာတွေ့မြင်ရသည့်အတွက် ဝင်ရောက်စူးစမ်းမိရာ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးအကြေးခွံများဖြင့် ပြုလုပ်ထားသော အလှဆင် ရောင်စုံပန်းပွင့်အိုးလေးများနှင့် ငါးရုပ်ပန်းချီကားများ ဖြစ်ကြောင်း သိလိုက်ရသည်။ ဦးစီးအရာရှိ ဒေါ်မိုးသူဇာမောင်က ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ငါးတစ်ကောင်လုံးအသုံးချရေး စီမံကိန်း အကောင်အထည်ဖော်သည့် အနေဖြင့် အသားကိုနှာ၍ ပြည်ပပို့ကုန်အဖြစ် ဈေးကွက်ဖော်ဆောင်ခြင်း၊ အရိုး၊အရေခွံတို့အား တိရစ္ဆာန်အစာအဖြစ် အသုံးချပြီး စွန့်ပစ်ပစ္စည်းဖြစ်သည့် ငါးအကြေးခွံအား အလှဆင် လူသုံးကုန်အဖြစ် ထုတ်လုပ်ခြင်းဖြစ်ကြောင်း ရှင်းပြသည်။ ပန်းအိုးအတွင်းမှ ပွင့်ဖတ်ကလေးများမှာ ပန်းအစစ်နှယ်ထင်ရလောက်အောင် လက်ရာမြောက်ပြီး အရောင်အသွေးလည်း ကောင်းလှပေသည်။ ကြေးခွံ ပန်းချီကားများမှာလည်း ပြုလုပ်သူ၏ စိတ်ကူးစိတ်သန်းကောင်းမှုကြောင့် ရေထဲတွင်ရှင်သန်လှုပ်ရှားနေသော သက်ရှိ ငါးတစ်ကောင်အလား ထင်မှတ်မှားမိသည်။

အလှမွေးငါးများကိုစိတ်ကြိုက်ရွေးချယ်ဝယ်ယူနေကြသူများ။

ရေချိုငါးဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးစိုင်းကျော်မြင့်နှင့် ထပ်မံတွေ့ဆုံရာ မြန်မာ့အလှမွေးငါးကို နိုင်ငံခြားငွေ ဖော်ထုတ်ရှာဖွေမှု လျာထားချက်ထက် ကျော်လွန်စွာ ရရှိထားကြောင်း သိရှိရပြန်ပါသည်။ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ တရုတ်နိုင်ငံတို့နှင့် ပြည်တွင်းမှ အလှမွေးငါးကုမ္ပဏီခုနစ်ခုတို့ အကျိုးတူပူးပေါင်း၍ ၂၀၀၈ခုနှစ် မတ်လ ၁ ရက်အထိ ငါးကောင်ရေ ၁၄သိန်းရှစ်သောင်း ငါးထောင်ကျော် တင်ပို့ရောင်းချနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ပါ၍ အလှမွေးငါးလုပ်ငန်းသည် ဝါသနာအရ မွေးမြူလာကြရာမှ မိသားစု တစ်ပိုင်တစ်နိုင် စီးပွားရေး လုပ်ငန်းမှသည် ဈေးကွက်စီးပွားရေးအဖြစ် ပိုမိုကျယ်ပြန့်လာကာ ပြည်ပပို့ကုန်အဖြစ်ပါ တိုးချဲ့တင်ပို့လျက်ရှိနေပါကြောင်း လေ့လာတွေ့ရှိရပါသည်။ ။

လာဘ်ကောင်းသော ငါး (Lucky Fish)

ဆက်ကပ်လှူဒါန်း

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းတော်ရှိ စွယ်တော်မြတ်စေတီတော်ကြီးတွင် ဖေဖော်ဝါရီ ၁၇ရက်က ရန်ကုန်မြို့နေ ဟိန္ဒူမိသားစုများ စုပေါင်း၍ ဗုဒ္ဓဝေယျာဝစ္စများ ဆောင်ရွက်ခြင်း၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အလှူငွေ ၁၁၁၁၁ ကျပ် လှူဒါန်းခြင်းများ ပြုလုပ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ အနာမာသဝတ္ထုငွေများကို အဖွဲ့ဥက္ကဋ္ဌ ဦးစိန်ဌေးနှင့် အတွင်းရေးမှူး ဦးစိန်လွင်တို့ ဆက်ကပ်လှူဒါန်းစဉ်။ (၅၇)

ဓမ္မစေတီဖောင်ဒေးရှင်းဓမ္မသဘင်

ရန်ကုန် မတ် ၉

မင်းကွန်းတောင်ရိုး ဓမ္မစေတီပရိယတ္တိကျောင်းတိုက် ဓမ္မစေတီဖောင်ဒေးရှင်း၏ ဦးဆောင်ပဓာန နာယက(၁၀)ဘွဲ့ရ မင်းကွန်းဓမ္မစေတီဆရာတော် ဦးနာဂိန္ဒသည် မတ် ၁၃၊ ၁၄ ရက်တွင် ကညွတ်ကွင်းမြို့၊ ၁၆ ရက်တွင် ရွှေဘို ဖူကပါကြီး၊ ၁၇၊ ၁၈ ရက်တွင် ကျွန်းလှမြို့၊ ၁၉ ရက်တွင် သဖန်းဆိပ်၊ ၂၀ ရက်တွင် ပေပင်ချောင်၊ ၂၁၊ ၂၂ ရက်တွင် ရေနံမှော်၊ ၂၃ ရက်တွင် နောင်ကောက်၊ ၂၄ ရက်တွင် ပိန္နဲကုန်း၊ ၂၅ ရက်တွင် ညောင်ကိုင်း၊ ၂၆ ရက်တွင် ပေကုန်း၊ ၂၇ ရက်တွင် ကောလင်းကျောက်တန်း၊ ၂၈၊ ၂၉ ရက်တွင် ထီးချိုင့်၊ ၃၀ ရက်တွင် ကမ်းနီး၊ ၃၁ ရက်တွင် ဝဲကြီးရွာတို့၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

တရားပွဲရရှိပြီးသူများသည် ဖုန်း–၀၂–၆၅၃၇၆၊ ၀၉–၂၀၂၄၅၄၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(က–ပ)

တာမွေမြို့နယ် အမက(၁၃)၏ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပရာ ဘာသာစုံထူးချွန်ဆုရ တတိယတန်းမှ မောင်ဟန်ထူးအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းမေ ဆုချီးမြှင့်စဉ်။

(ပညာရေး)

ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ မတ် ၃ရက်က ကျင်းပသည့် HIV ပိုး ကင်းစင်သော သွေးကောင်းသွေးသန့်ရရှိရေး မြို့နယ်အဆင့် အသိပေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန် ဒေါက်တာမင်းနောင် ဆွေးနွေးမှာကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

လျှပ်စစ်သုံးလျှင် အသိယှဉ်
ဝန်အားမမျှ မသုံးရ

ဒွါဒသမအကြိမ်မြောက် တရားစခန်း

ရန်ကုန် မတ် ၉

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်ာန်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ဝေဇယန္တာဥယျာဉ်၊ သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက်၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော မဟာစည်ဝိပဿနာတရားစခန်းကို ဒွါဒသမအကြိမ်မြောက်အဖြစ် ဧပြီ ၁၀ရက်(ကြာသပတေးနေ့)မှ ဧပြီ ၂၀ရက်(တနင်္ဂနွေနေ့)အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်လိုသူများသည် ပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက် ပစ္စယာနုဂ္ဂဟအဖွဲ့သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် လှူဒါန်းလိုသူများသည် ပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက် ဖုန်း–၅၇၁၁၃၄၊ ၀၉–၅၁၃၅ ၄၇၀၊ ဗိုလ်မှူးကြီးတင်လှိုင်(လေ)(ငြိမ်း) အငြိမ်းစားသံအမတ်ကြီး ၁/န သီရိလမ်း ပါရမီရိပ်သာ ရန်ကင်း ဖုန်း–၆၆၂၆၆၉ နှင့် ဦးစိန်မင်း(ကျောက်ဆူးဒန်အိုးစက်) အမှတ် ၁၆၈ မဟာဗန္ဓုလလမ်းနှင့် ၅၃ လမ်းထိပ် ဖုန်း–၂၉၂၁၁၄၊ ၀၉၅၀၀၉၇၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။(၀၈)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀–၃–၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၅	၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၆။ မျိုးချစ်တပ်မတော်
၄:၅၀	၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၂၀	၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၅:၃၀	၉။ ဗွီစီဒီကျော်ကြားတေးများ
၅:၄၀	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –ပျော်ရွှင်ပါစေ (အပိုင်း–၃)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ မိုးလေဝသသတင်း
	၁၈။ အမျိုးသားရေးတေးကဗျာ
	၁၉။ မေးမြန်းစူးစမ်း
	၂၀။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –သိမ်းငှက်သူရဲကောင်း(ဒုတွဲ) (အပိုင်း–၄၀)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

အိန္ဒိယသမ္မတနိုင်ငံမှ ဝယ်ယူခဲ့သော စက်ခေါင်းများ ဒုတိယအသုတ်လက်ခံရယူ စက်မောင်းဆီ သုံးစွဲမှု သက်သာပြီး တောင်ပေါ်လမ်းပိုင်းများတွင်ပါ အသုံးပြုနိုင်

ရန်ကုန် မတ် ၉

အိန္ဒိယသမ္မတနိုင်ငံမှ ဝယ်ယူခဲ့သော စက်ခေါင်းများအပ်နှံသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ဘူတာကြီး အမှတ်(၁) စင်္ကြံဥပစာ၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ အထွေထွေမန်နေဂျာများ၊ အရာထမ်းအမှုထမ်းများနှင့် အိန္ဒိယရထားဝန်ကြီးဌာနလက်အောက်ခံ RITES Ltdမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ(စက်မှုနှင့်လျှပ်စစ်) ဦးထွန်းဦးက စက်ခေါင်းနှင့်စပ်လျဉ်းသော အချက်အလက်များကို ရှင်းလင်းတင်ပြပြီး စက်ခေါင်းများနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အိန္ဒိယသမ္မတနိုင်ငံ ရထားဝန်ကြီးဌာနလက်အောက်ခံ RITES Ltd မှ အထွေထွေမန်နေဂျာ Mr. RP Singh က မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အဖွဲ့ဝင်များသည် စက်ခေါင်းများကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး စက်ခေါင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မြန်မာ့မီးရထားသည် နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရေးအတွက် မိမိတို့အခန်းကဏ္ဍ တစ်စိတ်တစ်ပိုင်းမှ ရထားလမ်းသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးတို့အတွက် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အိန္ဒိယသမ္မတနိုင်ငံ ရထားဝန်ကြီးဌာန လက်အောက်ခံဖြစ်သည့် RITES Ltdမှ စက်ခေါင်း **စုစုပေါင်းစီးရေ ၂၀ ဝယ်ယူခဲ့ရာ ပထမအသုတ် စက်ခေါင်းငါးခေါင်းကို ၂၀၀၇ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် လက်ခံရယူခဲ့ပြီး ယခု ဒုတိယအသုတ်အဖြစ် စက်ခေါင်းစီးရေ ၁၅ ခေါင်းကို လက်ခံရယူခြင်းဖြစ်သည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ➪

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အိန္ဒိယသမ္မတနိုင်ငံမှ ဝယ်ယူခဲ့သော စက်ခေါင်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အသည်းကောင်းလို့ ပွဲတောင်းသူများ လက်ဝှေ့စိန်ခေါ်ပွဲ လုံးချောနှင့် ရွှေဆိုင်း ရေကုန်ရေခန်းပြိုင်သော်လည်း သရေကျ စစ်သွေးနှင့်ဒေါဂျစ် အလဲအကွဲ ထိုးသော်လည်း အရှုံးအနိုင်မပေါ်

သတင်းနှင့် ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ရန်ကုန် မတ် ၉

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် စူပါကြွေကာ မြန်မာပြည်ချန်ပီယံလက်ဝှေ့စိန်ခေါ်ပွဲ ‘အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ်(၂)’ကို ယနေ့မွန်းလွဲ ၂နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏတွင် ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ရိုးရာလက်ဝှေ့အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

လုံးချော(ညောင်တုန်း)နှင့် ရွှေဆိုင်း(မြိုင်ကြီးငူ)တို့ ခြေကန်ချက်များဖြင့် အပြန်အလှန် ယှဉ်ပြိုင်ကြစဉ်။ (ကြေးမုံ)

သတင်းဆောင်းပါးအညွှန်း

အမေရိကန်တွင် ဖြစ်ပေါ်နေသော လူမျိုးရေးခွဲခြားမှုများ အဆုံးသတ်သင့်ကြောင်း ကုလသမဂ္ဂ တိုက်တွန်း သတင်းအပါအဝင် နိုင်ငံတကာရေးရာ သတင်းများ ➪ စာမျက်နှာ ၄၊ ၅

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲမှ ချယ်လ်ဆီးနှင့် မန်ယူ အောင်ဖျာလိပ် ➪ စာမျက်နှာ ၈

ဈေးကွက်စီးပွားရေးနှင့် အလှမွေးငါး (သတင်းဆောင်းပါး) ➪ စာမျက်နှာ ၁၁

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်